# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၇၄)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် ၊ ၈-၉-၂၀၂၆၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၄ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် )

### တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်(မဲအများဆုံးရသူအနိုင်ယူစနစ်)၊ မြိတ်မြို့နယ်မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံထားရသော ကိုယ်စားလှယ် အမှတ်(၁) ဦးနိုင်ဦး၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးဝင်းကြူက ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲ ကန့်ကွက်လွှာအယူခံမှုဖြင့် လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

စာမျက်နှာ ၃ သို့ ❐

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၇

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## အောင်မြင်တက်လှမ်း အခွင့်အလမ်းကောင်းများနှင့် လွှမ်းခြုံအောင်မြင် မြန်မာ-ဗီယက်နမ် ခရီးစဉ်

ဆောင်းပါး စာမျက်နှာ » ၄

## မြန်အောင်မြို့နယ်၌ မမြဆည်တာတမံ တာဆင်ခြေလျှောနိမ့်ကျမှု ဆက်လက်မဖြစ်ပွားစေရန် ၂၄ နာရီ ကြည့်ရှုစောင့်ကြပ်လျက်ရှိ

မြန်အောင် စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မှျင်ဝါးတောင်ကျေးရွာအုပ်စု မမြဆည်တာတမံ RD-9900 နှင့် RD-10000 အကြား မြေသားအလျား ၇၅ ပေခန့်၊ အနံ(အကျယ်) ပေ ၆၀ ခန့်တွင် မြေသား တစ်ပေခွဲခန့် တာဆင်ခြေလျှောနိမ့်ကျမှု(Slide) ဖြစ်ပွားခဲ့သည်။

မမြဆည်တာတမံ တာဆင်ခြေလျှောနိမ့်ကျမှု တာအိလျှောကျခြင်း ဆက်လက်မဖြစ်ပွားစေရန် မြန်အောင်ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့က ဦးဆောင်၍ ကျောက်အိတ်များဖြင့် တာထောက်ခြင်းလုပ်ငန်း၊ တာအက်ကြောင်းအတွင်း မိုးရေမဝင်ရန် အက်ကြောင်းဖြစ်ပေါ်ရာနေရာတစ်ခုလုံးကို ခြုံငုံမိစေရန် မိုးကာဖြင့် အမိုးပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၆ သို့ ■

## လေးမျက်နှာမြို့နယ် ဝေါန်မြစ်ရေတိုက်စားမှုကြောင့် ဝေါန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျသည့်နေရာတွင် တာတမံပိတ်ဆို့ ကာရံခြင်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးရေး စီမံဆောင်ရွက်နေ

နေပြည်တော် စက်တင်ဘာ ၇

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ဝေါန်မြစ်ရေတိုက်စားမှုကြောင့် ဝေါန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှု ဖြစ်ပွားပြီး မြစ်ရေစီးကျော်ဝင်သည့် နေရာတွင် တာတမံပိတ်ဆို့ ကာရံခြင်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၆ သို့ ❂



## ယနေ့ ဖတ်စရာ အညွှန်း


ဟာလန်း ကလပ်ကစားသမားဘဝ သွင်းဂိုး ၃၀၀ ပြည့်မြောက်

စာမျက်နှာ ၁၁

ရတနာဂူစေတီတော်မြတ်ကြီး ဘုရားပွဲတော်နှင့် ပုပ္ပားမယ်တော်ကြီး နတ်ပွဲ ပွဲတော်လာပရိသတ်များဖြင့် စည်ကား

စာမျက်နှာ ၁၃

မြန်မာနိုင်ငံစာတတ်မြောက်မှုသမိုင်းမှတ်တမ်း (ဆောင်းပါး)

စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ အင်္ဂါနေ့။

မန္တလေး

## စာတတ်မြောက်ရေးလုပ်ငန်းစဉ်များနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

စားဝတ်နေရေးဟူသည့် လူသားတို့၏ အရေးသုံးပါးကို ဆောင်ရွက်နေကြသူတိုင်း စာတတ်မြောက်ရေးသည် လွန်စွာအရေးကြီးလှသည်။ ထို့ကြောင့်ပင် စာမတတ်လျှင် အကန်းနှင့်တူသည် ဟုပင်ခိုင်းနှိုင်းလေ့ရှိကြသည်။ စာပေဗဟုသုတရှိသောသူ မျက်စိနှစ်ကွင်းအလင်းရသူနှင့် ခိုင်းနှိုင်းလေ့ရှိကြသည်။ စာပေမှ ရသောအသိဉာဏ်တို့ဖြင့် ဘဝကိုမှန်မှန်ကန်ကန် တည်ဆောက်ကာ အကျိုးစီးပွားဖြစ်ထွန်းကာ အေးချမ်းစွာနေထိုင်နိုင်မည်ဖြစ်သည်။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်ကို)ကြီးမှူး၍ အီရန်နိုင်ငံတီဟီရန်မြို့၌ ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၉ ရက် အထိ ၁၂ ရက်ကြာ ကျင်းပခဲ့သော ကမ္ဘာ့နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ တက်ရောက်ခဲ့သည့် ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက်မှတစ်ဆင့် သဘောတူဆုံးဖြတ်ချက်ဖြစ်သည့် စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားများ စတင်ကျင်းပကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အဆိုပါနေ့ရောက်တိုင်း နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့သည်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားတိုင်းကို စာမတတ်သူများအဖြစ်မှကင်းလွတ်၍ စာတတ်မြောက်လာအောင်တွန်းအား တစ်ရပ်အဖြစ်လုပ်ဆောင်သည့်နေ့တစ်နေ့လည်းဖြစ်သည်။

ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများစာတတ်မြောက်ရေးအတွက် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနအပါအဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမှသာ နိုင်ငံအတွင်း စာမတတ်သူဦးရေ လျှော့ချနိုင်မည်ဖြစ်သည်။ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်လွန်ကျောင်းပြင်ပသို့ ရောက်ရှိနေသည့် ကလေးဦးရေကိုပါ လျှော့ချသွားနိုင်မည်ဖြစ်သဖြင့် မိသားစု၊ ရပ်ရွာဒေသများ ဖွံ့ဖြိုးလာပြီး ထိုမှတစ်ဆင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုထက် ပိုမိုလုပ်ဆောင်လာနိုင်မည်ဖြစ်သလို ဖွံ့ဖြိုးမှုအညွှန်းကိန်းများ တိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကျောင်းပြင်ပ ပညာရေးဆိုသည်မှာ နိုင်ငံတော် အတွင်းမှိတင်း နေထိုင်ကြသည့်ပြည်သူများသည်အကြောင်းအမျိုးမျိုးကြောင့်ကျောင်းနေအရွယ်တွင် မူလတန်းပညာကိုပြီးဆုံးအောင်မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ဖူးသူများနှင့် စာမတတ်သူများအတွက် အသက်အုပ်စုများခွဲခြား သတ်မှတ်ပြီး စာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးလျက်ရှိသည်။

စာတတ်မြောက်ရေးလုပ်ငန်းစဉ်များကို နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် ယခုနှစ်အတွက် ထုတ်ပြန်ထားသည့် "ကမ္ဘာမြေနှင့် လူသားများ သာယာဝပြောဖို့ စာတတ်မြောက်ရေး မြှင့်တင်စို့" ဟူသော ဆောင်ပုဒ်ကိုအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ သောင်းထိုက် | ပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ မင်းမင်းရီ | ပါမောက္ခချုပ်<br>မန္တလာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

### ၇-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန် မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## မဟာလောကရန်နိုမ်အောင်တော်မူမြတ်စွာဘုရား (၃၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ပတ်ပူဇော်ပွဲကျင်းပမည်

**မန္တလေး စက်တင်ဘာ ၇**

သက္ကရာဇ် ၁၂၄၄ ခုနှစ်၊ တပေါင်းလဆန်း(၃)ရက်နေ့တွင် သီပေါဘုရင်မင်းမြတ်တည်ထားကိုးကွယ်ခဲ့သော အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောက ရန်နိုမ်အောင်တော်မူမြတ်စွာဘုရားတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော(၃၈)ကြိမ်မြောက်အသံမစဲမဟာဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကြီးကို ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း(၁)ရက်(၁၂-၉-၂၀၂၆)ရက်နေ့မှ တော်သလင်းလဆန်း(၇)ရက်(၁၈-၉-၂၀၂၆)ရက်နေ့အထိ(၇)ရက်တိုင်တိုင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သံဃာတော်(၆၁)ပါးတို့မှ မဟာပဋ္ဌာန်းကျမ်းမြတ်ကို နေ့/ညအသံမစဲရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ပါ၍ မန္တလေးမြို့နှင့် ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ ကုသိုလ်ရှင်များမှ ကြည်ညို သဒ္ဓါပွားများနိုင်ကြောင်းနှင့် အလှူငွေများလှူဒါန်းလိုပါက လူကိုယ်တိုင်ဖြစ်စေ တယ်လီဖုန်းနံပါတ်(၀၉-၇၈၈၃၅၀၇၅၀၊ ၀၉-၉၇၀၃၉၅၆၉၆၊ ၀၉-၇၉၇၂၃၅၂၅၀)တို့သို့ ဆက်သွယ် စုံစမ်းလှူဒါန်းနိုင်ပါသည်။ **(ကဆ)**

## MSP Pay သည်တစ်နိုင်ငံလုံးအသုံးပြုနိုင်ပြီး ဈေးဝယ်ခြင်း အပါအဝင် အမျိုးပေါင်း ၁၀၀ ကျော် အသုံးပြုနိုင်

**မန္တလေး စက်တင်ဘာ ၇**

ရတနာပုံဘဏ်မှ MSP Pay ကို ၂၀၂၀ ပြည့်နှစ်ကစတင်ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ မြို့နေလူထုမှပေးဆောင်ရသော အခွန်အခများကို မိုဘိုင်းဖုန်းမှတစ်ဆင့် လွယ်ကူစွာပေးဆောင်နိုင်ရန်၊ ပြည်သူများငွေကြေးကိုင်ဆောင်မှုလျှော့နည်းစေရန်၊ ငွေပေးချေမှုများ လျင်မြန်ချောမွေ့စေရန်၊ ဈေးဝယ်တာတွေကို Digital စနစ်ပြန့်ပွားစေရန်ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရတနာပုံဘဏ်ဘဏ္ဍာရေး အရာရှိချုပ် ဒေါ်မိုးစန်းဦးက ပြောကြားသည်။

MSPသည် Mandalay Smart Pay ဖြစ်ပြီး မန္တလေး ရတနာပုံဘဏ်၏ Appတစ်ခုဖြစ်ကာ Google Play /App Storeတွင် ဒေါင်းလုတ်ရယူ၍ MSP Appထဲသို့ဝင်ပြီး အကောင့်ဖွင့်ရန် REGISTER ကိုနှိပ်ရန်၊ မိမိဖုန်းနံပါတ်ဖြည့်သွင်းပြီး CONTINUE ကိုနှိပ်ရန်၊ OTP ကုတ် SMSရရှိပါက ဖြည့်သွင်းပြီး CONTINUE ကိုနှိပ်ရမည်။ VERIFY NOW ကိုနှိပ်၍ အမည်၊မှတ်ပုံတင်နံပါတ်တို့ကိုဖြည့်သွင်းပြီး CONFIR ကြိုနှိပ်ရန် စကားဝှက်(၆)လုံးကိုရိုက်ထည့်ပြီး CONTINUE ကိုနှိပ်ရန်နှင့်စကားဝှက်ကိုထပ်မံရိုက်ထည့်ပြီး CONTINUE ကိုနှိပ်ရန် ထို့နောက် OK ကိုနှိပ်ကာ MSP အကောင့်ဖွင့်ခြင်း အောင်မြင်ပြီးဆုံးသွားမည်ဖြစ်သည်။

MSP ကို Level မြင့်မယ်ဆိုရင် မိမိမှတ်ပုံတင်၊ Face Scan ရိုက်တာတွေဆောင်ရွက်ရမှာဖြစ်ပြီး MMQR စနစ်နှင့် MSP က ချိတ်ဆက်ထားသည့်အတွက် တစ်နိုင်ငံလုံး အသုံးပြုနိုင်မှာဖြစ်သဖြင့် အခွန်အခပေးဆောင်ခြင်း၊ ငွေပေးချေခြင်း၊ ငွေလွှဲပြောင်းခြင်း၊ အကြွေးတောင်းခံခြင်း၊ ဖုန်းဘေလ်ထည့်သွင်းခြင်း၊ ဈေးဝယ်ခြင်းတို့ အပါအဝင် အမျိုးပေါင်း(၁၀၀) ကျော်အသုံးပြုနိုင်သည်။

မိမိတို့၏ပိုင်ဆိုင်မှုများအား ရတနာပုံဘဏ်အနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးနှင့် အထက်တွဲဖက်၍ဖြစ်စေ အရွယ်မရောက်သေးသောသူများ၊ လူမှုရေး၊ ဘာသာရေးနှင့် စီးပွားရေးအဖွဲ့အစည်းများ စာရင်းဖွင့်လှစ်နိုင်ပြီး ကနဦးစာရင်းဖွင့်လှစ်ရာတွင် ငွေကျပ်တစ်သောင်းဖြင့်ဖွင့်လှစ်၍ လက်ကျန်ငွေအနည်းဆုံးငွေကျပ်တစ်သောင်းထားရှိရမည်ဖြစ်သည်။ ချေးငွေအနေဖြင့် လုပ်ငန်းရှင်များ မိမိတို့ပိုင်ဆိုင်သည့်မြေနှင့်အဆောက်အဦကို ဘဏ်သို့အာမခံထား၍ ချေးငွေရယူခြင်း၊ ပြည်သူအများစုအဆင်ပြေစေရန် အပေါင်ပစ္စည်းမဲ့ ချေးငွေထုတ်ပေးခြင်း၊ (ခေါင်းရွက်ဗျက်ထိုးဈေးသည်) ရည်ရွယ်ဆောင်ရွက်စီစဉ်လျက်ရှိပြီးပြည်သူများနှင့် ဝန်ထမ်းများအတွက် အရစ်ကျစနစ်ဖြင့် ဝယ်ယူသည့်ပစ္စည်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ပေးသွင်း၍ မော်တော်ဆိုင်ကယ်၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ ကွန်ပျူတာ၊ လက်ကိုင်ဖုန်းတို့ကိုဝယ်ယူနိုင်မှာဖြစ်သည်။

ရတနာပုံဘဏ်ကို အမှတ်၅၈(က)၊ ၂၆လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြား၊ အောင်မြေသာစံမြို့နယ်တွင် ရုံးချုပ်၊ ပြည်ပြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း၊ အမရပူရမြို့နယ်တွင် စက်မှုဇုန်ဘဏ်ခွဲ၊ ၃၅ လမ်း၊ လမ်း၇၀ နှင့် ၇၁ လမ်းကြား၊ မဟာအောင်မြေမြို့နယ်တွင် ၃၅လမ်းဘဏ်ခွဲ၊ ၂၂လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြား၊ အောင်မြေသာစံမြို့နယ်တွင် ၂၂ လမ်းဘဏ်ခွဲကိုလည်းကောင်း အသီးသီးဖွင့်လှစ်နိုင်ခဲ့ပြီး ပြင်ဦးလွင်၊ ကျောက်ဆည်၊ ပုသိမ်ကြီးတို့တွင်ဘဏ်ခွဲများဖွင့်လှစ်နိုင်ရန် ရည်ရွယ်ထားကြောင်း ဘဏ္ဍာရေးအရာရှိချုပ်ထံမှ သိရသည်။ **(မန္တလေးနေ့စဉ်-၃)**



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)*

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၁/၂၀၂၆)ကို ဆုံးဖြတ်ချက်(အမိန့်)ချမှတ်

နေပြည်တော် စက်တင်ဘာ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)၊ စုံညီခုံရုံး၌ ရုံးထိုင်၍ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၁/၂၀၂၆)ကို ဆုံးဖြတ်ချက်(အမိန့်)ချမှတ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

❒ ရှေ့ဖုံးမှ

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၇-၉-၂၀၂၆ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်( ၁ /၂၀၂၆ ) ဆုံးဖြတ်ချက်တွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူ အနိုင်ယူစနစ်)၊ မြိတ်မြို့နယ်မဲဆန္ဒနယ်အတွက် ဦးခိုင်ဦးအား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ် ( ၁ ) အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးဝင်းကြူဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၅(က) အရ ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူ့ပါတီမှ ဦးခိုင်ဦး [ ၆/မအရ(နိုင်) ၀၉၈၁၇၄ ] သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)၊ မြိတ်မြို့နယ်မဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ် အမှတ် ( ၁ ) မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးဝင်းကြူ [ ၆/တသရ (နိုင်) ၀၁၂၂၆၇ ] ဖြစ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅ (ခ) အရ သတ်မှတ်ကြေညာလိုက်သည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) တွင် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်း ပြောင်းလဲသတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၅ / ၂၀၂၆ )
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် )

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) တွင် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်း ပြောင်းလဲသတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၇-၉-၂၀၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက် အမှတ် (၅၄ /၂၀၂၆) အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၁-က နှင့်အညီ မြိတ်မြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် အမှတ် ( ၁ ) ဦးခိုင်ဦး ရရှိသည့် ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ ကျန်ရှိသော ခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်ရာတွင် လောင်းလုံးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ် ( ၂ ) ဖြစ်သူ ပြည်သူ့ပါတီမှ ဦးတင်စိုး [ ၆/ဘပန(နိုင်) ၀၁၃၁၀၄ ] သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ် အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၈ (ဃ) အရ နိုင်ငံရေးပါတီများက ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ် လောင်းများ စာရင်းအရ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ် ( ၁ ) တွင် လောင်းလုံးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ် ( ၂ ) မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဒေါ်မြမြစိမ်း [ ၆/ထဝန(နိုင်)၀၇၀၉၁၀ ] ဖြစ်ကြောင်း သတ်မှတ်ကြေညာ လိုက်သည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်ရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၂၆၃၅၆ / ၁၀ = ၂၂၆၃၅

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | |
| | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၂၂၆၃၅၆ | ၈ | | ၂ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၄၃၂၄ | ၅ | ၂၁၁၄၉ | ၁ | ၆ | |
| | | ၂။ | ပြည်သူ့ပါတီ | ၄၉၂၆၈ | ၂ | ၃၉၉၈ | - | ၂ | |
| | | ၃။ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၂၇၆၄ | ၁ | ၂၀၁၂၉ | ၁ | ၂ | |

ရှင်းလင်းချက်။ ၃၁ - ၁ - ၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ် (၁) အတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ရရှိမှုအခြေအနေ တွက်ချက်မှုစာရင်းအား ပယ်ဖျက်၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၁ - က နှင့်အညီ ပြန်လည်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

# အောင်မြင်တက်လှမ်း အခွင့်အလမ်းကောင်းများနှင့် လှမ်းခြံအောင်မြင် မြန်မာ-ဗီယက်နမ်ခရီးစဉ်

**ကေဇက်ဟိန်း(PPIB)**

ခရီးစဉ်ရဲ့ နောက်ဆုံးနေ့ကို ရောက်ရှိခဲ့ပါပြီ။ ရေးဆွဲထားတဲ့ အစီအစဉ်များပြီးရင်တော့ အမိမြန်မာနိုင်ငံကို ပြန်ရတော့မှာပါ။ ဒီနေ့မှာလည်း နိုင်ငံတော်အကြီးအကဲအနေနဲ့ နိုင်ငံအတွက် ဘယ်လိုအခွင့်အလမ်းကောင်းတွေ ဖော်ဆောင်ပေးနိုင်ဦးမှာလဲ၊ စိတ်ဝင်စားစရာကောင်းပါတယ်။ ခရီးစဉ်ရဲ့ နေ့ရက်တွေကို ပြန်ကြည့်ရင် နိုင်ငံတော်အကြီးအကဲဟာ ရှိရင်းစွဲ နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွေ အရှိန်အဟုန်မြှင့်တင်နိုင်ခဲ့သလို ကဏ္ဍသစ်များအတွက်လည်း ကြိုးပမ်းဖော်ဆောင်နိုင်ခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ခရီးစဉ်တတိယမြောက်ရက်ကို လေ့လာကြည့်ရအောင်ဗျာ။

**ဟန္နိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများနှင့်တွေ့ဆုံ**

အချိန်ကား ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ ဒေသစံတော်ချိန်နံနက်ပိုင်းပင်။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ဟန္နိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံခဲ့ပါသေးတယ်။ တွေ့ဆုံရာမှာတော့ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ၏ ခေတ်အဆက်ဆက် ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်နိုင်ခဲ့မှု၊ ဗီယက်နမ်သည် မြန်မာအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံအဖြစ် တည်ရှိနေမှု၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများတူညီနေမှု၊ အာဆီယံဒေသတွင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကောင်းများရှိနေမှုတွေကို ချပြရှင်းလင်းခဲ့တာကို တွေ့မြင်ရပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာလည်း အောင်မြင်သော အထွေထွေရွေးကောက်ပွဲကတစ်ဆင့် ပေါ်ထွက်လာသည့် လွှတ်တော်၊ အစိုးရတို့မှ နိုင်ငံ့အကျိုးကို ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒ့ါအပြင် ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်နေမှုများအပေါ် အတုယူကြပြီး မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အလုပ်လုပ်ကြဖို့၊ နိုင်ငံရပ်ခြားမှာရောက်ရှိနေတာဖြစ်လို့ အချင်းချင်းစည်းလုံးချစ်ခင်စွာနေထိုင်ပြီး တစ်ဦးနှင့်တစ်ဦးစောင့်ရှောက်ရင်း လုပ်ငန်းတာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ကြဖို့ကိုလည်း တိုက်တွန်းမှာကြားခဲ့ပါသေးတယ်။ တွေ့ဆုံပွဲ အပြီးမှာတော့ နိုင်ငံတော်အကြီးအကဲဟာ မြန်မာ-ဗီယက်နမ်စီးပွားရေးဖိုရမ်ကို ဆက်လက်တက်ရောက်ဖို့ အထူးယာဉ်တန်းနဲ့ခရီးဆက်ခဲ့ပါတော့တယ်။



စက်တင်ဘာ ၆ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"တွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**ဗီယက်နမ် – မြန်မာ စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီ**

ဗီယက်နမ် – မြန်မာ စီးပွားရေးဖိုရမ်ပွဲကိုတော့ ဟန္နိုင်းမြို့ Melia Hotel မှာ ကျင်းပခဲ့ပါတယ်။ ဒီအခမ်းအနားကိုတော့ နိုင်ငံတော်အကြီးအကဲနဲ့အတူ ခရီးစဉ်မှာလိုက်ပါလာတဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်တွေ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E.Mr. Nguyen Van Thang၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Duc Chi နဲ့ အစိုးရအဖွဲ့တာဝန်ရှိသူတွေ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နာယကနဲ့အဖွဲ့ဝင်တွေ၊ မြန်မာ – ဗီယက်နမ် နှစ်နိုင်ငံချစ်ကြည်ရေးအသင်းများမှ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေ၊ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်တွေ တက်ရောက်ခဲ့ကြတာကို တွေ့မြင်ရပါတယ်။

ဒီဖိုရမ်မှတစ်ဆင့် ကျွန်တော်တို့ဘက်က ဘာတွေကမ်းလှမ်းနိုင်ခဲ့သလဲ၊ ဘယ်လိုအခွင့်အလမ်းတွေ ပိုင်ဆိုင်ခဲ့လဲဆိုတာကိုတော့ အကျဉ်းချုံးပြီး မျှဝေပေးလိုပါသေးတယ်။ ဗီယက်နမ်အစိုးရဘက်က အချက်(၅)ချက်ကို ဆွေးနွေးပါတယ်။ ဒါတွေကတော့ **နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများ ချိတ်ဆက်မှုနှင့် အပြန်အလှန်ပံ့ပိုးမှုများကို မြှင့်တင်သွားရန်၊ အတွေ့အကြုံများကို အပြန်အလှန်မျှဝေ၍ လုံခြုံစိတ်ချရပြီး ရေရှည်တည်တံ့သည့် စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်သွားရန်၊ လက်ရှိပူးပေါင်းဆောင်ရွက်နေသည့်အခန်းကဏ္ဍများကိုထိရောက်စွာ အသုံးချပြီး စီးပွားရေးလုပ်ငန်းများ၌ ကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွပူးပေါင်းဖြေရှင်းသွားရန်၊ ဗီယက်နမ်နှင့် မြန်မာစီးပွားရေး အခွင့်အလမ်းရှာဖွေရုံသာမက ယုံကြည်စိတ်ချရသော ရေရှည်မိတ်ဖက်များအဖြစ် လက်တွဲဆောင်ရွက်**သွားရန် ဆိုတဲ့ အချက် (၅)ချက်ကို ကျွန်တော်တို့ ရရှိခဲ့ပါတယ်။

> **နိုင်ငံတော်အကြီးအကဲက နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားဖို့ ယုံကြည်ချက်ရှိနေတာကိုလည်း ဖိုရမ်မှာချပြခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ သယံဇာတပိုင်ဆိုင်ထားမှုများကိုချပြခဲ့ပြီး စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ စားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုစက်ရုံများ တည်ထောင်မှုကဏ္ဍ၊ ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ ခရီးသွားလုပ်ငန်းနှင့် လုပ်ငန်းနှင့်ဆက်စပ်သည့် အခြေခံအဆောက်အအုံများကဏ္ဍ၊ အထူးစီးပွားရေးဇုန်များ တည်ဆောက်လိုမှုကဏ္ဍ စတာတွေကိုလည်း ချပြရှင်းလင်းကာ ဖိတ်ခေါ်နိုင်ခဲ့**

မြန်မာ – ဗီယက်နမ်ကြားမှာ နိုင်ငံရေးနှင့် သံတမန်ရေး ကဏ္ဍတင်သာမက လုံခြုံရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိပူးပေါင်းဆောင်ရွက်မှုများကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်မှုကနေ ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေး အပြောင်းအလဲစိန်ခေါ်မှုမြင့်မားတဲ့ ကာလတွေကြား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung နှင့် အဖွဲ့ဝင်များအား စက်တင်ဘာ ၆ ရက်က လက်ခံတွေ့ဆုံစဉ်။

မှာ ဒေသတွင်းအားကောင်းခိုင်မာစွာ ဆက်လက်ပူးပေါင်းလျက်ရှိမှုကို နိုင်ငံတော်အကြီးအကဲက ကနဦးချပြခဲ့ပါတယ်။ စီးပွားရေးရဲ့ ပင်မသော့ချက်ဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာအောင် ယှဉ်တွဲတည်ဆောက်သွားနိုင်မှုကိုလည်း ချပြရှင်းလင်းခဲ့တာကို တွေ့ရပါတယ်။

နိုင်ငံတော်အကြီးအကဲက နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားဖို့ ယုံကြည်ချက်ရှိနေတာကိုလည်း ဖိုရမ်မှာချပြခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ သယံဇာတပိုင်ဆိုင်ထားမှုများကိုချပြခဲ့ပြီး စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ စားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုစက်ရုံများ တည်ထောင်မှုကဏ္ဍ၊ ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ ခရီးသွားလုပ်ငန်းနှင့် လုပ်ငန်းနှင့်ဆက်စပ်သည့် အခြေခံအဆောက်အအုံများကဏ္ဍ၊ အထူးစီးပွားရေးဇုန်များ တည်ဆောက်လိုမှုကဏ္ဍ စတာတွေကိုလည်း ချပြရှင်းလင်းကာ ဖိတ်ခေါ်နိုင်ခဲ့ပါတယ်။

ဒီလိုရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ရာမှာ နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံရဲ့ ကျောက်ဖြူ သီလဝါ၊ ထားဝယ် စတဲ့ ပိုင်ဆိုင်ထားတဲ့ ရေနက်ဆိပ်ကမ်းနဲ့ အထူးစီးပွားရေးဇုန်များ ပိုင်ဆိုင်ထားမှု၊ မဟာမဲခေါင်စီးပွားရေးစင်္ကြံ၊ မြန်မာ – လာအို – ထိုင်း – ဗီယက်နမ်(ဒါနန်း) စီးပွားရေးစင်္ကြံများအပေါ်မှာ မြန်မာနိုင်ငံရဲ့အချက်အချာကျစွာ တည်ရှိနေမှုကို မဟာဗျူဟာမြောက်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည်ကို ပိုင်နိုင်စွာချပြနိုင်ခဲ့တာကိုလည်းတွေ့ရပါတယ်။ ဒါကတော့ဒီဖိုရမ်ရဲ့ နှစ်ဖက်အကျိုးရလဒ်များနဲ့ အနာဂတ် အခွင့်အလမ်းများပဲဖြစ်ပါတယ်။

**မြန်မာ – ဗီယက်နမ်ခရီးစဉ်၏ အကျိုးရလဒ်များ**

ဒီခရီးစဉ်ဟာ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၄ ရက်ကနေ ၆ ရက်အထိ သုံးရက်ခန့် ကြာမြင့်ခဲ့တာပဲဖြစ်ပါတယ်။ ပထမတစ်ရက်မှာ ဗီယက်နမ်နိုင်ငံ ဟိုင်းဖောင်မြို့က လျှပ်စစ်မော်တော်ကား မော်တော်ဆိုင်ကယ်ထုတ်တဲ့ Vinfast ကုမ္ပဏီနဲ့ Viettel ဆက်သွယ်ရေးကုမ္ပဏီတွေကို သွားရောက်လေ့လာခဲ့တယ်။ ဒုတိယရက်မှာတော့ ဗီယက်နမ်နိုင်ငံသမ္မတ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နဲ့တွေ့ဆုံပြီး နှစ်နိုင်ငံရဲ့ ချစ်ကြည်ရင်းနှီးမှု အရှိန်အဟုန်မြှင့်တင်ရေးကနေ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်မှုများအတွက် ရင်းနှီးနွေးထွေးစွာ ဆွေးနွေးနိုင်ခဲ့တယ်။ တတိယရက်မှာတော့ နှစ်နိုင်ငံစီးပွားရေးဖိုရမ်ပွဲကို တက်ရောက်ပြီး လက်ရှိပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနဲ့ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာတွေကို ချပြဆွေးနွေးကမ်းလှမ်းခဲ့တာကို တွေ့ရတယ်။ ဒီတော့ ဒီခရီးစဉ်မှာ ပိုင်ဆိုင်ခဲ့တဲ့ အခွင့်အလမ်းကောင်းတွေနဲ့ အောင်မြင်မှုတွေကို ကျွန်တော်တို့အတူတူ လေ့လာကြည့်ရအောင်ပါ။

နှစ်နိုင်ငံအကြားမှာ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အရှိန်အဟုန်မြှင့်တင်နိုင်ခဲ့တယ် ဆိုတာကို ကျွန်တော်တို့ ကနဦးမြင်ကြရပါမယ်။ မြန်မာနိုင်ငံကို လာရောက်ကြမယ့် ရင်းနှီးမြှုပ်နှံသူတွေကို ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတာကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ရင်းနှီးပွင့်လင်းစွာ ချပြနိုင်ခဲ့တယ်။ ဖိုရမ်ပွဲမှာတင်ပဲ ယခင်နိုင်ငံထဲက ထွက်ခွာသွားတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ပြန်လည်စိတ်ဝင်စားလာမှုကို ရရှိခဲ့တယ်။ ဒါဟာလည်း အရွေ့တစ်ခုပါပဲ။ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်ကိုယ်တိုင်က ဓာတ်သတ္တုတူးဖော်ရေး စွမ်းအင်ကဏ္ဍစတဲ့ အခြားကဏ္ဍတွေမှာပါ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတာကို အတိအလင်းချပြခဲ့တယ်။

ခရီးစဉ်ရဲ့ အဓိကအောင်မြင်မှုသော့ချက်ကတော့ **ရှိရင်းစွဲ ချစ်ခင်ရင်းနှီးမှု၊ ယုံကြည်မှုကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ အာဆီယံဒေသတွင်းကတစ်ဆင့် ကမ္ဘာ့မျက်နှာစာထိ**

စာမျက်နှာ ၅ သို့ ☆

✰ စာမျက်နှာ ၄ မှ

အပြန်အလှန် ထောက်ပံ့ကူညီအားပေးမှုများ ဆောင်ရွက်သွားနိုင်ဖို့ သဘောတူညီနိုင်ခဲ့ခြင်း၊ စီးပွားရေးအခွင့်အလမ်းကောင်းများ ဖော်ဆောင်နိုင်ခဲ့ခြင်းနှင့် သံတမန်ဆက်ဆံရေးကောင်းတစ်ခု ခိုင်မာစေခဲ့ခြင်းဆိုတဲ့ အချက်တွေပဲဖြစ်ပါတယ်။

**ဗီယက်နမ်နိုင်ငံမှသည် အမိမြန်မာပြည်သို့**

နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးယာဉ်တန်းဟာ ဟန္နိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက်ရှိခဲ့ပါပြီ။ လေဆိပ်မှာတော့ နှစ်နိုင်ငံအလံများကို လွှင့်ထူထားပြီး ဂုဏ်ပြုတပ်ဖွဲ့နဲ့အတူ အမိမြေပြန်မယ့်ခရီးကို နှုတ်ဆက်ဂုဏ်ပြုလျက်ရှိပါတယ်။

နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာလဲခိုင်ဟိုင်ဦးဆောင်တဲ့ အဆင့်မြင့်အရာရှိကြီးတွေ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) စစ်သံမှူးနှင့်တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။ ကြည်လင်တဲ့ ထက်အာကာရဲ့ လွှမ်းခြုံထားမှုအောက်မှာ နွေးထွေးတဲ့ နေရောင်ခြည်များနဲ့အတူ အပြုံးကိုယ်စီတောက်ပနေတဲ့ မြင်ကွင်းများဟာ ခရီးစဉ်ရဲ့အောင်မြင်မှုပြယုဂ်၊ နှစ်နိုင်ငံချစ်ကြည်ရေး ခိုင်မာအားကောင်းမှုများကို ထင်ဟပ်ပြသနေသလိုခံစားမိပါတယ်။ ဒီလိုနဲ့ အထူးလေယာဉ်ဟာ ဟန္နိုင်းမြို့ကိုကျောခိုင်းရင်း အမိမြန်မာပြည်သို့ ဦးတည်ပျံသန်းခဲ့ပါတော့တယ်။

မြန်မာစံတော်ချိန် ညနေပိုင်းမှာတော့ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ နေပြည်တော်လေဆိပ်ကို ပြန်လည်ရောက်ရှိခဲ့ကြပါတယ်။ နေပြည်တော်လေဆိပ်မှာတော့ ရုရှားဖက်ဒရေးရှင်းနိုင်ငံက မကြာခင်ပြန်ရောက်ရှိလာတဲ့ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။

ဒီခရီးစဉ်ကို ကြည့်မယ်ဆိုရင် နှစ်နိုင်ငံ အကြီးအကဲချင်းသာမက အကြီးအကဲ နှစ်ဦးရဲ့ဇနီးချင်းပါ ရင်းနှီးချစ်ကြည်မှုရရှိခဲ့တာမို့ ခရီးစဉ်ဟာ ဖြူစင်ရိုးရှင်းမှု၊ ရင်းနှီးနွေးထွေးမှုများနဲ့ ထုံမွမ်းထားသလိုပါပဲ။ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် နှစ်နိုင်ငံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်နိုင်ခဲ့တယ်လို့လည်း ဆိုရမှာပါဗျာ။ နှစ်နိုင်ငံအကျိုးရလဒ်များအပြင် မိမိနိုင်ငံအတွက်လည်း အောင်မြင်တက်လှမ်း အခွင့်အလမ်းကောင်းများနှင့် လွှမ်းခြုံအောင်မြင်တဲ့ ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါကြောင်း စာစီမှုန်းလို့ မျှဝေပေးလိုက်ရပါတော့တယ်ဗျာ။ ။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ





နေပြည်တော် စက်တင်ဘာ ၇

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၈)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည်သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီး၌ စုဖွဲ့၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၈)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။


ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၈)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်----

၁။ စစ်မှုထမ်းဆင့်ခေါ်စာကြားလို့ ကျွန်တော် နေပြည်တော် ရောက်နေတဲ့အခိုက်မှာ လိုက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော် အကောင်းဆုံးတော့ လေ့လာပြီး သင်ယူသွားမှာပါ။ သုံးလဆိုတဲ့ ကာလကလည်း မကြာဘူးလေ။ လေ့လာသွားမယ်။ ပြီးတော့ အကောင်းဆုံး ကျွန်တော် ကြိုးစားမယ်။ နောက်သင်တန်းတက်ရောက်မယ့်သူတွေလည်း ကိုယ်ထင်ထားတဲ့အတိုင်း မဟုတ်ပါဘူးလို့ ပြောချင်ပါတယ်။ အရင်တုန်းကတော့ စစ်မှုထမ်းရမယ်ဆို ပြည်သူတွေအားလုံးက အလွန် ကြောက်နေကြတယ်။ အခုက နွေးနွေးထွေးထွေးကြိုဆိုကြတယ်။ ကိုယ်ထင်ထားသလိုမျိုး မဟုတ်ဘူး။ ဒီမှာ အားလုံး အဆင်ပြေကြတယ်။ ဆင့်ခေါ်စာကျရင် တက်ရောက်ကြပါလို့ ကျွန်တော် ဒီကနေပြောကြားချင်ပါတယ်။ နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်ကို အကောင်းဆုံးကြိုးစားပြီး ထမ်းဆောင်သွားမယ်လို့ ကျွန်တော်ဆုံးဖြတ်ထားပါတယ်။

၂။ စစ်မှုထမ်းက လူတိုင်းထမ်းရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကမ္ဘာပေါ်မှာနိုင်ငံပေါင်း ၁၉၇ နိုင်ငံရှိပါတယ်။ နိုင်ငံပေါင်း ၆၀ ကျော်မှာ စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းထားတဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာလည်း မဖြစ်မနေ ထမ်းရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အပြင်လောကနဲ့မတူတဲ့ စည်းကမ်းတွေကို ကျွန်တော်တို့ ရရှိမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ တစ်ခါမှမသင်ယူဖူးတဲ့စစ်ပညာတွေနဲ့ နိုင်ငံတော်ကာကွယ်ဖို့ပညာတွေကို ရရှိမယ်လို့ ထင်ပါတယ်။ လူတိုင်းကတော့ စစ်သားမဖြစ်ပါဘူး။ ကျွန်တော်တို့ အခုလိုမျိုး တာဝန်ထမ်းဆောင်ခွင့်ရတဲ့အတွက် အများကြီး ဂုဏ်ယူပါတယ်။ အလွန်ဝမ်းသာပါတယ်။ ကျွန်တော်တို့ကလည်း ကြိုးစားပြီးတော့ သင်ယူပါမယ်။

သတင်းစဉ်









ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပစဉ်။

# (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှကြက်ခြေနီလခြမ်းနီအသင်းခေါင်းဆောင်များ အစည်းအဝေးဖွင့်ပွဲကျင်းပ




ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံကြက်ခြေနီအသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ၂၃ ကြိမ်မြောက် အရှေ့တောင်အာရှကြက်ခြေနီလခြမ်းနီအသင်းခေါင်းဆောင်များ အစည်းအဝေးဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ ကျင်းပသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အရှေ့တောင်အာရှကြက်ခြေနီလခြမ်းနီအသင်းခေါင်းဆောင်များ အစည်းအဝေးကို ၂၀၁၂ ခုနှစ်တွင် အိမ်ရှင်အဖြစ် ပထမအကြိမ် လက်ခံကျင်းပခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် အိမ်ရှင်အဖြစ် ဒုတိယအကြိမ် လက်ခံကျင်းပခြင်းဖြစ်သည်။

ဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အစည်းအဝေးနှင့် ဆက်စပ်ဖိုရမ်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသော အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် "Unity in Humanitarian Action: Building a Better Tomorrow" သည် ယနေ့ခေတ် ကမ္ဘာတစ်ဝန်း ကြုံတွေ့လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ရန် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကို ပေါ်လွင်ထင်ဟပ်စေပါကြောင်း၊

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကဏ္ဍတွင် နိုင်ငံတော်၏ အရန်အင်အားအဖြစ် နိုင်ငံတစ်ဝန်း ဘေးအန္တရာယ်ကြုံတင်ပြင်ဆင်မှုနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လိုအပ်နေသူများထံ ရောက်ရှိနိုင်ရေး အစဉ်အမြဲပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ Asia Pacific Regional Office မှ Deputy Regional Director Ms. Juja Kim နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC) Geneva မှ Director of International Law, Movement and Partnership Dr. Cordula Droege တို့က နှုတ်ခွန်းဆက်စကားပြောကြားကြကြောင်း သိရသည်။

သတင်းစဉ်

❂ လေးမျက်နှာမြို့နယ်မှ

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၅)နှင့် တံတားအထူးအဖွဲ့(၁၆)တို့မှ Steel Sheet Pile / Stand Pipe ရိုက်သွင်းပြီးစီးခဲ့မှု၊ တာတမံကာရံခြင်းလုပ်ငန်းများကို ဝန်ထမ်းများနှင့် အလုပ်သမားများက နေ့ညမပြတ်လုပ်ငန်းဆောင်ရွက်နေမှု၊ Geo-bags အိတ်ကြီးများကို ကရိန်းများဖြင့်ချထားမှု၊ ရိုက်ပြီး Steel Sheet Pile များနောက်တွင် သဲအိတ်ချထားမှုနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတာဝန်ရှိသူက သောင်တူးစက်ကြီးရေယာဉ်တွဲဖြင့် သဲတူးဖော်ပြီး ရေဝင်လမ်းကြောင်းအနီးသို့ သဲမှုတ်တင်ခြင်းဆောင်ရွက်ထားမှု၊ ရေဝင်လမ်း ပိတ်ဆို့ကာကွယ်ခြင်းအတွက် CB တွဲခွံအတွင်းသို့ သဲ၊ ကျောက်ထည့်သွင်း၍ နှစ်မြှုပ်ခြင်းလုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ရေဝင်လမ်းကြောင်းကို ပိတ်ဆို့ကာရံခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အမြန်ပြီးစီးနိုင်ရေး တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သွားကြရန်၊ Steel Sheet Pile များကို Vibro-Hammer စက်ဖြင့် ရိုက်သွင်းခြင်းကို အရှိန်အဟုန်မပြတ်ဆောင်ရွက်သွားကြရန်၊ ကျားကန်ခြင်း၊ ထောက်ကန်ခြင်းလုပ်ငန်းများအပြင် စက်၊ ယာဉ်/ယန္တရားများကိုအသုံးပြု၍ သဲအိတ်များ၊ Stand Pipe များဖြင့် ရေဝင်လမ်းကြောင်းများကို ကာရံသွားရန် မှာကြားသည်။

အဆိုပါခရီးစဉ်အတွင်း Oriental Highway ကုမ္ပဏီလီမိတက်က B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန် - ပုသိမ်လမ်းအခြေအနေ၊ ဧရာဝတီတိုင်းဒေသကြီးလမ်းဦးစီးဌာန၊ Oriental Highway ကုမ္ပဏီလီမိတက်နှင့် ငါးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လမ်းဘေးဝဲ/ယာ ရေစီးရေလာကောင်းမွန်စေရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု၊ ဟင်္သာတ - ဆုံကုန်း- မြန်အောင်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တလုတ္တော်- လေးမျက်နှာ လမ်းပိုင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ




ချောက် စက်တင်ဘာ ၇

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၌ ခရိုင်အဆင့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြရိပ်ညိုခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်အဆင့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲကို မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်၊ ချောက်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်၊ ခရိုင်ပညာရေးမှူး ဦးမန်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ မြို့နယ်ပညာရေးမှူး ဦးသန်းမြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အ.ထ.က(၄)ကျောင်းသား၊ ကျောင်းသူများက "ပညာပန်းခင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့သည်။

ဆက်လက်၍ ချောက်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူးက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက ဧည့်ခံဖျော်ဖြေရေး အစီအစဉ်များဖြစ်သော အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ဖျော်ဖြေရေးအဖွဲ့များအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**ကျော်မိုး(မြန်/ဆက်)**

# (VDP) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

ဇမ္ဗူသီရိ စက်တင်ဘာ ၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တဲကြီးကုန်းကျေးရွာအုပ်စု၊ ရွာတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယမန်နေ့က အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ စီမံကိန်းတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်အချက်များ၊ ကျေးရွာသူ၊ ကျေးရွာသားများမှ ပူးပေါင်းဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ရွာတောကျေးရွာ၌ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)



■ မြန်အောင်မြို့နယ်မှ

အဆိုပါ တာဆင်ခြေလျှောနိမ့်ကျမှု တာအိလျှောကျခြင်းဖြစ်ပေါ်သည့် နေရာတွင် အက်ကြောင်းပြောင်းလဲမှု၊ နိမ့်ကျမှု ရှိ/မရှိ ၂၄ နာရီ ကြည့်ရှုစောင့်ကြပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ဝင်းဗိုလ်(မြန်/ဆက်)



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၇၇ ဦးနှင့် အမျိုးသမီး ၁၈ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

**နေပြည်တော် စက်တင်ဘာ ၇**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက် လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံ အဖွဲ့ဝင်အမျိုးသား ၁၇၇ ဦးနှင့် အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၁၉၅ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည် ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့သူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA -1 အမျိုးအစား သေနတ် သုံးလက်၊ MA -2 အမျိုးအစားသေနတ် တစ်လက်၊ M-22 အမျိုးအစား သေနတ် တစ်လက်၊ Type 81 အမျိုးအစား သေနတ် တစ်လက်၊ ၄၀ မမ လောင်ချာ အမျိုးအစား သေနတ် တစ်လက်၊ လက်လုပ်သေနတ် တစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၂ ခု၊ ကျည်မျိုးစုံ ၄၅၉ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၂၅ လုံးနှင့် စကားပြောစက် တစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ခုနစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၅၀၊ လက်လုပ်သေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် ငါးသိန်း၊ လက်ပစ်ဗုံး ၂၅ လုံးအတွက် ဆုကြေးငွေကျပ် ၇၅ သိန်း၊ စကားပြောစက် တစ်လုံးအတွက် ဆုကြေးငွေကျပ် နှစ်သိန်း၊ လက်နက်မပါ အလင်းဝင်ရောက်လာသူများအား တစ်ဦးလျှင် တစ်သိန်းနှုန်းဖြင့် ၁၈၄ ဦးအတွက် ဆုကြေးငွေကျပ် ၁၈၄ သိန်းတို့ကို ပေးအပ်ပြီး ခံဝန်ကတိလက်မှတ် ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ အပ်နှံထားသော လက်နက်၊ ခဲယမ်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လက်ဖက်ရည်ပွဲ တို့ဖြင့် တည့်ခင်းဧည့်ခံခဲ့သည်။



ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေး အဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများ အတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

အသက်ကတော့ ၁၈ နှစ်ပါ။အဖွဲ့အစည်းကိုရောက်တော့ အသက်က ၁၄ နှစ်ပါ အဲဒီအဖွဲ့ထဲကို ရောက်သွားတဲ့ အကြောင်းရင်းကတော့ သူငယ်ချင်းတွေနဲ့ ပါသွားတာပါ။ အဲဒီရောက်တော့ သင်တန်းတွေဘာတွေ တက်ရပါတယ်၊ သင်တန်းက နှစ်လကျော်လောက်



ပြီးတော့ ထမင်းတွေလည်း နပ်မှန်အောင် မစားခဲ့ရပါဘူး။ သင်တန်းကာလမှာ ရိုက်တာတွေ ဘာတွေရှိပါတယ်။ သင်တန်းပြီးတော့ AA ကို ပို့ခံရပါတယ်။ အဲဒါပြီးတော့ အလုပ်တွေဘာတွေ ပိုင်းကူလုပ်ရပါတယ်။ စိုက်ခင်းတွေ ဘာတွေလုပ်ရတယ်၊ ထမင်းတွေ ချက်ကူရတယ်၊ အဆောင်တွေ ဆောက်ကူရပါတယ်။ ပြီးတော့ ဖိနှိပ်တာတွေလည်း ရှိပါတယ်။ လူမျိုးရေး ခွဲခြားမှုတွေလည်း ရှိပါတယ်။ သူတို့ရဲ့ဖိနှိပ် အာဏာရှင်ဆန်တဲ့ စနစ်တွေကို မကြိုက်လို့ တပ်မတော်ထဲကို အလင်းဝင်လာတာဖြစ်ပါတယ်။ တပ်မတော်မှာ အလင်းဝင်တော့ နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ ဒီအခမ်းအနား ပြီးသွားရင်လည်း မိဘတွေနဲ့ တွေ့ရ



မှာဖြစ်လို့ အလွန်လည်း ဝမ်းသာပါတယ်။ တောထဲမှာကျန်ခဲ့တဲ့ ညီအစ်ကို မောင်နှမတွေလည်း အမြန်ဆုံး အမြင်မှန်ရပြီးတော့ အလင်းဝင်ရောက်ဖို့ ဖိတ်ခေါ်ပါတယ်။

မြင်းခြံ BLACK TIGER မှာ တာဝန် ထမ်းဆောင်ပါတယ်။ ဖောက်ခွဲရေး ခေါင်းဆောင်ပါ။ ဒီတော်လှန်ရေး စလုပ်ခဲ့ရတာကတော့ ၁၄ နှစ်ကနေ စလုပ်ခဲ့တာပါ၊ ပြောရရင် ၂၀၂၂ ကနေစလုပ်ခဲ့တာပါ ရောက်ရောက်ချင်းမှာ သင်တန်းဆင်းရပါတယ်။ သင်တန်းဆင်းပြီးတော့ ရှေ့တန်းတန်းသွားရပါတယ်။ ရှေ့တန်းမှာ မြင်းခြံမြောက်ဘက်မှာ မိုင်းခေါင်းဆောင်အနေနဲ့ နေခဲ့ရပါတယ်။ ပြီးတော့ တိုက်ပွဲပေါင်းစုံနဲ့ တိုက်ခဲ့ပါတယ်။ နေရာပေါင်းစုံလည်း သွားခဲ့ရပါတယ်။ နေရာပေါင်းစုံသွားခဲ့ပြီး နောက်ပိုင်းမှာ အထက်ဖားအောက်ဖိများခဲ့ ပါတယ်။ ခေါင်းဆောင် တော်တော်များများကတော့ ဆေးခြောက် WY ဆေးချကြပါတယ်။ ဒါပေမဲ့ကျွန်တော်တို့ မလုပ်ခဲ့ပါဘူး။ တော်တော်များများ အကုန်လုံးက မူးယစ်ဆေးဝါးတွေ သုံးစွဲပါတယ်။ ပြောရရင် ရဲဘော်တွေပဲ အောက်မှာနေပြီးတော့ ဘာမှမရဘဲနဲ့ လုပ်ကိုင်နေရတာပါ။ တပ်မတော်က တိုက်ခိုက်မှု လာပြီဆိုလည်း သူတို့ကားတွေ မောင်းပြီး သူတို့ခေါင်းဆောင်တွေက ပြေးပါတယ်။ ရဲဘော်တွေ သေသေကျေကျေ ထားခဲ့ပါတယ်။ သူတို့လက်နက်တွေ အကုန်လုံး ယူပြီး ပြေးပါတယ်။ ကျွန်တော် ဒီထဲကို အလင်းဝင်လာတာ သူတို့ ယုတ်မာရိုင်းစိုင်း နှိပ်စက်တာတွေကြောင့် ကျွန်တော် အလင်းဝင်လာတာဖြစ်ပါတယ်။ ကျွန်တော် ဒီလို အလင်းဝင်လာတဲ့ အချိန်မှာ တပ်မတော်က နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ သူတို့ပြောတဲ့ သတ်မယ်ဖြတ်မယ် သူတို့ဘက်ကပြောတဲ့အတိုင်းမဟုတ်ပါဘူး နောက်လာမယ့် ညီအစ်ကိုတွေကိုလည်း ညီလေးတွေ မောင်နှမတွေ အကုန်လုံးကိုလည်း အလင်းဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။

**သတင်းစဉ်**

## မိုးကောင်းမြို့နယ် ညောင်ထောက်ကလေးကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေး

**မိုးကောင်း စက်တင်ဘာ ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ရေရှင်ကျေးရွာအုပ်စု၊ ညောင်ထောက်ကလေးကျေးရွာ၌ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်မြောက် ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ထိုသို့ ချေးငွေများထုတ်ချေးပေးရာတွင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများအား အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံက ညောင်ထောက်ကလေးကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈၇ သိန်းအား လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်ထောက်ကလေးကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ၂၈ ဦးအတွက် ငွေကျပ် ၂၆၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ၁၂ ဦးအတွက် ငွေကျပ် ၁၃၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား ရှစ်ဦးအတွက် ငွေကျပ်သိန်း ၉၀၊ စုစုပေါင်းအသင်းသား ၄၈ ဦးကို ချေးငွေကျပ် ၄၈၇ သိန်းအား အသင်းသားတစ်ဦးချင်းသို့ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းထံမှ သိရသည်။

**ချစ်ဦးကို**

၀–၀–၀–၀–၀

## တိရစ္ဆာန်အစာအိတ်၊ မွန်ဘားဆား မြက်မျိုးစေ့နှင့် စိုက်ပျိုးစရိတ် ထောက်ပံ့ပေးအပ်

**သရက် စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တိရစ္ဆာန် အစာအိတ် ထောက်ပံ့ပေးခြင်း၊ မွန်ဘားဆား မြက်မျိုးစေ့နှင့် စိုက်ပျိုးစရိတ် ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ဦးစီးဌာနမှူးရုံး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဦးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးကျော်ကျော်နှင့် အမှတ်(၂) ဒေါက်တာညိုဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များက (Deheus)ဒဟတ်တံဆိပ် 30Kg ပါ တိရစ္ဆာန်အစာအိတ် ၂၀အားပေးအပ်ခဲ့ကြပြီး အာဟာရပြည့် မြက်မျိုးတိရစ္ဆာန်အစာပင် တစ်ဧက စိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီး ရန်ပုံငွေမှ ငွေကျပ် (၀ ဒသမ ၅)သန်းအား စမ်းအိုင့်အုပ်စု၊ သီးကုန်းကျေးရွာတောင်သူ ဦးမြင့်လွင်၏ယာမြေတွင် စိုက်ပျိုးသွားမည်ဖြစ်၍ စိုက်ပျိုးစရိတ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# နိုင်ငံတော်ဩဝါဒါစရိယ၊ သက်တော်ရှည်ဆရာတော်ကြီးများအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်ကြည်ညို





**မန္တလေး စက်တင်ဘာ ၇**

နိုင်ငံတော်ဩဝါဒါစရိယ၊ သက်တော်ရှည်ဆရာတော်ကြီးများ ဖြစ်တော်မူကြသည့် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးနှင့် အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကချုပ် ဆရာတော်ကြီးတို့အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်နှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက ဆရာတော်ကြီးများ သီတင်းသုံးတော်မူနေသည့် ကျောင်းတိုက်များသို့ သွားရောက်ဖူးမြော်ကြသည်။

ထိုသို့ သွားရောက်ဖူးမြော်ရာတွင် မဟာဝိဇိတာရုံကျောင်းတိုက် ပဓာန နာယကနိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ သက်တော် ၉၈၊ ဝါတော် ၇၈ ဝါ၊ သက်တော်ရှည်ဆရာတော်ကြီးအား သီတင်းသုံးတော်မူနေသည့် ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်သို့ သွားရောက်ဖူးမြော် ကြည်ညို၍ ဆရာတော်ကြီး၏ ကျန်းမာရေးနှင့်စပ်လျဉ်း၍ မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ လှူဖွယ်ပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းခဲ့သည်။

၎င်းနောက် ချမ်းမြသာစည်မြို့နယ်ရှိ မဟာဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီဟနာဒအား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကချုပ် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဉာဏိဿရာဘိဝံသ သက်တော် ၉၄၊ ဝါတော် ၇၄ ဝါ၊ သက်တော်ရှည် ဆရာတော်ကြီး သီတင်းသုံးတော်မူနေသည့် အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ဆရာတော်ကြီး တပည့်အရင်းဖြစ်သော မဟာဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အား ပင့်ဆောင်၍ သွားရောက်ဖူးမြော် ကြည်ညိုကာ ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ လှူဖွယ်ပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာတော်ကြီးများ၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များအား အမြဲမပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်၊ အချိန်နှင့်တစ်ပြေးညီတင်ပြသွားရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ–ဝ–ဝ–ဝ–ဝ



## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၌ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီက လိုရာပြည့်စုံရန်မျိုးလုံမြတ်စွာဘုရား(၅)ဆူဝင်းအတွင်း ပြုလုပ်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများပြုလုပ်ရာ၌ အမှတ်(၁) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲနှင့် ရေကြောင်းရဲတပ်ဖွဲ့ခွဲ(မန္တလေး)မှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး ကိုကိုနိုင်ဦးစီး၍ ရဲတပ်ဖွဲ့ဝင်အရာရှိ ၁၇ ဦး၊ အခြားအဆင့် တပ်ဖွဲ့ဝင် ၄၄ ဦးတို့က လိုရာပြည့်စုံရန်မျိုးလုံပေါ်တော်မူမြတ်စွာဘုရား (၅) ဆူဝင်းအတွင်း ဥပမိရုပ်ကောင်းမွန်ရေးနှင့် ကျောင်းဝင်းအတွင်း၊ အပြင်များ သန့်ရှင်းသာယာလှပစေရေး ပေါင်းမြက်များ၊ ချုံနွယ်များ၊ အမှိုက်များ၊ သစ်ရွက်ခြောက်များအား ဖယ်ရှားရှင်းလင်းသန့်ရှင်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အောင်ဇော်မင်း**

## စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ

**မကွေး စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကြီးမှူး၍ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း ဖြင့်ဆောင်ရွက်ခဲ့သည့် စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်း များပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီးရုံး သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် တာဝန်ရှိသူများက သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်၊ သင်တန်းထွက်ကုန်ချောပစ္စည်းများနှင့် ထူးချွန်သင်တန်းသူ ငါးဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့် ညီမျှသည့်လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ လုပ်ငန်းထူထောင်မည့် သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးတွင် ဖွင့်လှစ်ခဲ့သည့် စက်ချုပ်နည်းပညာသင်တန်းတွင် သင်တန်းသူ ၁၅ ဦးဖြင့် ရက်ပေါင်း ၄၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ထူးချွန်သော သင်တန်းသူများ ရွေးချယ်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းဖြစ်ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**




## သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော

**ကျောက်ဆည် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက် ၁၀ နာရီက သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သုတ၊ ရသစာအုပ်ပြပွဲ ကျင်းပပြုလုပ်ခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဖြစ်စဉ်အကြောင်းများနှင့် ထိခိုက်ပျက်စီးခဲ့သည့်အကြောင်းများ၊ ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ၊ ငလျင်လှုပ်ခတ်နေစဉ်အချိန်တွင် လိုက်နာရမည့်အချက်များ၊ ရှောင်ရှားသင့်သည့်အချက်များ၊ ငလျင်လှုပ်ခတ်ပြီးနောက် ပြုလုပ်ရန်အချက်များ၊ ရှောင်ရှားသင့်သည့်အချက်များနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက မိုးကြိုးဘေးအန္တရာယ်အကြောင်းများ အသိပညာပေး ဟောပြောခဲ့ကြောင်းသိရပြီး ဟောပြောပွဲအပြီး၌ ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(၄၈၅)**

ဝ–ဝ–ဝ–ဝ–ဝ

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော



**သာစည် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးက Online Meter လျှောက်ထားခြင်း၊ Online ဖြင့် လျှပ်စစ်မီတာခပေးဆောင်ခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး တို့အား မြို့နယ်အတွင်းရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိစေရန် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၇ နာရီက မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ ဒေါ်အိသိမ့်သိမ့်ထွေးက Online Meter လျှောက်ထားခြင်းကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်မော်က Online ဖြင့် လျှပ်စစ်မီတာခပေးဆောင်ခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အား ဟောပြောခဲ့သည်။

အဆိုပါ လျှပ်စစ်မီတာလျှောက်ထားခြင်းကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝက်ဘ်ဆိုက်သို့ ဝင်ရောက်၍ Online စနစ်ဖြင့် လျှောက်ထားနိုင်ပြီး မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သတ်မှတ်ချက်များအား ပြည့်စုံစွာ စိစစ်ဆောင်ရွက်ပြီးပါက အမြန်ဆုံးတပ်ဆင်ပေးနိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၈၇)



## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး မီးသတ်ယာဉ်နှင့် စက်များကြံ့ခိုင်ကောင်းမွန်မှုနှင့် အဆောက်အအုံများ ပြင်ဆင်ပြီးစီးမှုများ ကြည့်ရှုစစ်ဆေး

**မန္တလေး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းသည် ခရိုင်မီးသတ်ဦးစီးမှူး လိုက်ပါ၍ စက်တင်ဘာ ၄ ရက် နံနက် ၁၁ နာရီက ရမည်းသင်းခရိုင် မီးသတ်ဦးစီးမှူးရုံးတွင် ရမည်းသင်းခရိုင်၊ မြို့နယ်မီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ လမ်းညွှန်မှာကြားချက်များအား ရှင်းလင်းခြင်းနှင့် ရမည်းသင်းခရိုင်မီးသတ်စခန်းရှိ မီးသတ်ယာဉ်နှင့် စက်များကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး စစ်ဆေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးသည် ညနေ ၅ နာရီတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိတ္ထီလာခရိုင် မီးသတ်စခန်းအဆောက်အအုံ ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မိတ္ထီလာခရိုင်အတွင်းရှိ မီးသတ်တပ်ကြပ်ကြီးရာထူးမှ လက်ထောက်မီးသတ်ဦးစီးမှူးရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရသော တပ်ဖွဲ့ဝင်သုံးဦးအား မိတ္ထီလာခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့်အတူ ရာထူးတံဆိပ်များ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လောင်းကစားပြုလုပ်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့အား ဖမ်းဆီးအရေးယူ

**မိုင်းဖြတ် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်၊ မိုင်းဖြတ်မြို့နယ်၌ BINGO လောင်းကစားပြုလုပ်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့အား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃၀ ရက် ည ၈ နာရီခွဲတွင် ရှမ်းပြည်နယ်၊ မိုင်းဖြတ်မြို့နယ်၊ နားမွန်းကျေးရွာနေ ဦးဝင်းမြင့်စိုး (၄၂)နှစ်ဆိုသူ၏ နေအိမ်၌ BINGO လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မိုင်းဖြတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်၌ ၄င်းနှင့်အတူ တစ်ရွာတည်းနေ ဒေါ်မြင့်မြင့်သန်း(၆၂)နှစ်၊ ဒေါ်ဇင်မာငြိမ်း(၃၀)နှစ်နှင့် မယဉ်ယဉ်ထွေး(၂၇)နှစ် ဆိုသူတို့အား BINGO လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဝင်းမြင့်စိုး (ပါ-၄)ဦးအား မိုင်းဖြတ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

* - * - * - * - *

## မော်တော်ယာဉ် မီးလောင်မှုဖြစ်ပွား

**တောင်ငူ စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ယာဉ်မောင်း ကိုလွင်ချစ်ရှိန်း(၂၇)နှစ်ဆိုသူ မောင်းနှင်လာသော NISSAN အမျိုးအစား လိမ္မော်ရောင် တွဲကားယာဉ်နှင့် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ယာဉ်မောင်း ဦးမျိုးမင်းဦး(၃၀)နှစ်ဆိုသူ မောင်းနှင်လာသော DONGFENG အမျိုးအစား အဖြူရောင်ဆီဘောက်ဆာယာဉ်သည် လမ်းကွေ့အရောက်တွင် တွဲကားယာဉ်၏ ကွန်တိန်နာပြုတ်ထွက်၍ ဆီဘောက်ဆာယာဉ်၏ အလယ်ပိုင်းကို တိုက်မိကာ ဆီဘောက်ဆာယာဉ်မှ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း၊ ၎င်းဆီဘောက်ဆာယာဉ်မှ လောင်စာဆီများမှာ လမ်းတစ်ဖက်ရှိ ရန်အောင်ဆုတောင်းပြည့်ဘုန်းကြီးကျောင်းအတွင်းသို့ ဖိတ်ကျစီးဝင်ပြီး ပေ(၂၀ × ၂၀)၊ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်အား မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသဖြင့် တောင်ငူခရိုင်နှင့်မြို့နယ်မီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ၁၁ စီးဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၇ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းခဲ့သည်။



အဆိုပါ ဖြစ်စဉ်ကြောင့် DONGFENG ဆီဘောက်ဆာယာဉ် တစ်စီး၊ ပရီမီယံဒီဇယ် ဂါလန် ၂၆၀၀၊ ၉၂ ဓာတ်ဆီ ဂါလန် ၁၂၀၀၊ ၉၅ ဓာတ်ဆီ ဂါလန် ၁၇၅၀၊ ဒီဇယ် ဂါလန် ၃၀၅၀ နှင့် ပေ (၂၀ × ၂၀)၊ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့၍ ယာဉ်မောင်း ကိုလွင်ချစ်ရှိန်းဆိုသူအား တောင်ငူမြို့နယ် အမှတ်(၁)မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## လျှပ်စစ်ဝါယာကြိုးအပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မိတ္ထီလာ စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်ရှိ နေအိမ်တွင် မီးပလပ်ခုံမှပန်ကာသို့ သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုးအပူလွန်ကဲပြီး မီးလောင်မှု စက်တင်ဘာ ၂ ရက် နံနက် ၇ နာရီက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနေမိုးအောင်နှင့်သန္ဓေတပ်ဖွဲ့ဝင် ၄၅ ဦး၊ အရန်တပ်ဖွဲ့ဝင် ငါးဦးသည် မီးငြိမ်းသတ်ယာဉ် ခုနစ်စီး၊ ရေသယ်ယာဉ် နှစ်စီး၊ အထောက်အကူပြုယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီခွဲခန့်တွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် (၃၂× ၂၄)ပေ၊ သွပ်မိုး၊ နံကပ် နှစ်ထပ်အပေါ်ထပ်၌ ထရံမျက်နှာကြက်၊ ပန်ကာနှင့် အဝတ်အထည်များ မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာသုံးစွဲသူ အိမ်ပိုင်ရှင် ဦး …. (၅၉)နှစ်ဆိုသူအား မိတ္ထီလာမြို့အမှတ်(၂)ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ) (ဝ၅၇)**



## တံငါချောင်းမကြီးတွင် ကလေးတစ်ဦး ရေနစ်ပျောက်ဆုံး

**မတ္တရာ စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ ကျွန်းတောကျေးရွာ၊ တံငါချောင်းမကြီးတွင် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီခွဲက ကလေးတစ်ဦးရေနစ်ပျောက်ဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျွန်းတောကျေးရွာနေ မောင်….. (၁၆)နှစ်ဆိုသူသည် သူငယ်ချင်း နှစ်ဦးတို့နှင့်အတူ တံငါချောင်းမကြီးအတွင်း ရေဆော့ကစားပြီး တံငါမြောက်ကမ်းစပ်မှ တံငါတောင်ဘက်ကမ်းစပ်သို့ ချောင်းဖြတ်ကူးရာမှ မောင်×××(၁၆)နှစ် ဆိုသူမှာ ရေစီးထဲသို့ မျောပါပျောက်ဆုံးခဲ့သည်။

အခင်းဖြစ်နေရာသို့ မတ္တရာမြို့နယ် မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးချမ်းငြိမ်းသူ ဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ မတ္တရာ Rescue အဖွဲ့သည် ဒေသခံများနှင့်အတူ ရေနစ်ပျောက်ဆုံးနေသူအား ရှာဖွေလျက်ရှိကြောင်း သိရသည်။

**မိုးသီး**

# နိုင်ငံတကာ အားကစား သတင်းများ

## ဟာလန်း ကလပ်ကစားသမားဘဝ သွင်းဂိုး ၃၀၀ ပြည့်မြောက်

**လန်ဒန် စက်တင်ဘာ ၇**


မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းသည် ကလပ်ကစားသမားဘဝ သွင်းဂိုး ၃၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်း တစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် မန်စီးတီးအသင်းက ကိုဗင်ထရီအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟာလန်းသည် ကလပ်ကစားသမားဘဝတစ်လျှောက်တွင် မန်စီးတီးအသင်းနှင့် ၁၆၅ ဂိုး၊ ဒေါ့မွန်အသင်းနှင့် ၈၆ ဂိုး၊ ရက်ဒ်ဘူးလ်ဆဲလ်ဘတ်အသင်းနှင့် ၂၉ ဂိုး၊ မိုလ်ဒီအသင်းနှင့် ဂိုး ၂၀၊ စုစုပေါင်း ဂိုး ၃၀၀ ပြည့်မြောက်ခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဟာလန်းက "အခုလို ဂိုး ၃၀၀ ပြည့်မြောက်တဲ့ မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူအောင်မြင်မှုများရရှိအောင် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ)(NGB)





## ပါရီအသင်းက မာဆေးလ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**ပါရီ စက်တင်ဘာ ၇**

ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပါရီအသင်းနှင့် မာဆေးလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပါရီအသင်းက မာဆေးလ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပါရီအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၁ မိနစ်၊ ၁၉ မိနစ်၊ ၈၆ မိနစ်တို့တွင် စီနာယိုကို တစ်ဦးတည်းက သွင်းယူပေးခဲ့သည်။

ပါရီအသင်းသည် ပြင်သစ်လီဂူးပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၁၃ ရက်တွင် လိုင်ယွန်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## နီဗက်စ် ပီအက်စ်ဂျီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ပါရီ စက်တင်ဘာ ၇**



ပီအက်စ်ဂျီအသင်းသည် အသင်းကွင်းလယ်ကစားသမား နီဗက်စ်ကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ (ယာပုံ)

အဆိုပါ ကွင်းလယ်ကစားသမားသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၀၀ကစားပြီး ၁၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ နီဗက်စ်က "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ (NGB)

## ရူဒီဂါ လက်ရွေးစင် ကစားသမားဘဝမှ အနားယူ

**လန်ဒန် စက်တင်ဘာ ၇**

နောက်ခံကစားသမား ရူဒီဂါသည် နိုင်ငံအသင်းဖြစ်သည့် ဂျာမနီလက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူခဲ့ကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဂျာမနီလက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၄ မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၈၆ ပွဲ ကစားကာ သုံးဂိုးသွင်းယူနိုင်ခဲ့သလို၊ အောင်မြင်မှုများစွာလည်း ရယူနိုင်ခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ရူဒီဂါက "ကျွန်တော် လက်ရွေးစင်ကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(အောက်ပုံ)(NGB)



## ဖိလစ်ပိုမာနေး ပေါင်ဒဏ်ရာကြောင့် တစ်လခန့်အနားယူရဖွယ်ရှိ

**မြူးနစ် စက်တင်ဘာ ၇**

ဒေါ့မွန်အသင်း နောက်ခံကစားသမား ဖိလစ်ပိုမာနေးသည် ပေါင်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ နောက်ခံကစားသမားသည် ဒေါ့မွန်အသင်းက ဟော်ဖန်ဟိမ်းအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဖိလစ်ပိုမာနေး ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဒေါ့မွန်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဖိလစ်ပိုမာနေးသည် ယခုနှစ် ဘောလုံးရာသီတွင် ဒေါ့မွန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ သုံးပွဲကစားပြီး ခြေစွမ်းပြထားသည်။ (အပေါ်ပုံ)(NGB)



## ဘန်ဇီမာကို ခေါ်ယူရန် လိုင်ယွန်အသင်း စီစဉ်

**ပါရီ စက်တင်ဘာ ၇**

လိုင်ယွန်အသင်းသည် အသင်းကစားသမားဟောင်းဖြစ်သည့် တိုက်စစ်မှူး ဘန်ဇီမာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လက်ရှိအချိန် ဆော်ဒီကလပ် အယ်လ်ဟီလာအသင်းနှင့် လမ်းခွဲထားခြင်းကြောင့် လိုင်ယွန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘန်ဇီမာသည် လိုင်ယွန်အသင်းနှင့်အတူ ၂၀၀၄ မှ ၂၀၀၉ ခုနှစ်အထိ ကစားခဲ့ပြီး အောင်မြင်မှုများစွာလည်း ရယူထားနိုင်ခဲ့သည်။

ဘန်ဇီမာကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် အသင်းဟောင်း လိုင်ယွန်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဘန်ဇီမာကို လိုင်ယွန်အသင်း ကစားသမားအဖြစ် ပြန်လည်မြင်တွေ့ရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## ဂျေမီဗာဒီကို ဘန်လေအသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၇**



အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ဘန်လေအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့် တိုက်စစ်မှူး ဂျေမီဗာဒီကို ရာသီကုန်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘန်လေအသင်းတွင် ကျောနံပါတ်(၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဂျေမီဗာဒီသည် ကစားသမားဘဝတစ်လျှောက်တွင် လက်စတာစီးတီး၊ ခရိုမိုနီဆီ စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဘန်လေအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဂျေမီဗာဒီအနေဖြင့် ဘန်လေအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## 2026 US Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Carlos Alcaraz တက်ရောက်

**နယူးယောက်ခ် စက်တင်ဘာ ၇**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2026 US Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Tommy Paul ကို ၆-၄၊ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် အမေရိကန်တင်းနစ်ကစားသမား Ben Shelton တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)



## ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ (အမှတ်ပေး လိဂ်အဆင့်)(ပွဲစဉ်-၁) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/ပြည်တွင်းအမှတ်ပေးပွဲအဆင့် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၈-၉-၂၀၂၆ အင်္ဂါနေ့ | ည ၁၁:၁၅ နာရီ | ဘရူဂျက် - အက်စတွန်ဗီလာ (ဘယ်လ်ဂျီယံ-၃) (အင်္ဂလန်-၁၇) | ဘရူဂျက် ၁-၃ အက်စတွန်ဗီလာ<br>အက်စတွန်ဗီလာ ၃-၀ ဘရူဂျက် |
| " | " | AEK အသင် - လင်ဒ်စ် (ဂရိ-၂) (ဩစတြီးယား-၁) | ------ |
| ၉-၉-၂၀၂၆ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁:၃၀ နာရီ | ဒေါ့မွန် - ဗီလာရီးရဲလ် (ဂျာမနီ-၃) (စပိန်-၁၆) | ------- |
| " | " | ပေါ်တို - မန်စီးတီး (ပေါ်တူဂီ-၁) (အင်္ဂလန်-၁) | ပေါ်တို ၀-၀ မန်စီးတီး<br>မန်စီးတီး ၃-၁ ပေါ်တို |
| " | " | လိုင်လီ - ဘက်တစ် (ပြင်သစ်-၄) (စပိန်-၄) | လိုင်လီ ၂-၂ ဘက်တစ်<br>(၂၉-၇-၂၀၁၈ ခြေစမ်းပွဲ) |
| " | " | ရီးရဲလ်မက်ဒရစ် - အင်တာမီလန် (စပိန်-၃) (အီတလီ-၂) | ရီးရဲလ်မက်ဒရစ် ၂-၀ အင်တာမီလန်<br>အင်တာမီလန် ၀-၁ ရီးရဲလ်မက်ဒရစ် |

## အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၉-၉-၂၀၂၆ နံနက် ၀၁:၁၅ နာရီ | ဘော်လ်တန် - ဝက်စ်ဟမ်း | ဘောလ်တန် ၃-၀ ဝက်စ်ဟမ်း<br>ဝက်စ်ဟမ်း ၁-၃ ဘော်လ်တန် |
| " | ဆောက်သမ်တန် - ဆွမ်ဆီး | ဆောက်သမ်တန် ၀-၀ ဆွမ်ဆီး<br>ဆွမ်ဆီး ၁-၃ ဆောက်သမ်တန် |

## တိုက်နယ်ဒေသန္တရ ဆေးပေးခန်းအား သားဖွားခန်းအဖြစ် ပြန်လည်ဖွင့်လှစ်နိုင်ရန် ကွင်းဆင်းစစ်ဆေး

**မန္တလေး စက်တင်ဘာ ၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊အကွက်(၃၀၇) ရှိ တိုက်နယ်ဒေသန္တရ ဆေးပေးခန်းအား သားဖွားခန်းအဖြစ် ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကိုကိုထွေးက ကွင်းဆင်းစစ်ဆေးခဲ့သည်။(ဓါတ်ပုံ)



ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေးနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကော်မတီဝင်များသည် တိုက်နယ်ဒေသန္တရ ဆေးပေးခန်းအား သားဖွားခန်းအဖြစ် ပြန်လည်ဖွင့်လှစ်နိုင်ရန် ကွင်းဆင်းစစ်ဆေးခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ဆေးခန်းတာဝန်ခံဆရာမများက သားဖွားခန်းဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ဆေးခန်းဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ မွေးလူနာများအား စနစ်တကျ လက်ခံဆောင်ရွက်နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

(ဝ၄၁)

## ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မြစ်သား စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကူဖြူကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သီသီကျော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမိုးဝင်း၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် အင်ဂျင်နီယာများက ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်အတူ ကူဖြူကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာတွင်း ကွန်ကရစ်လမ်းအား လုပ်ငန်းအရည်အသွေးပြည့်မီအောင်နှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။



အဆိုပါ ကူဖြူကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေမြှုပ်တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း ၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၅၅ သန်း၊ စုစုပေါင်း ရန်ပုံငွေကျပ် ၁၉ ဒသမ ၅၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၂၈ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(ဓါတ်ပုံ)

(၄၄၅)



## မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေး

**ကံမ စက်တင်ဘာ ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပယ်ကျကျေးရွာအုပ်စု၊ ပြောင်ကျကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ(၁၁)ကြိမ်မြောက် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းကိုနိုင်က ကျေးလက်နေ ပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်၊ လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်၊ စီမံကိန်းမှ တိုးပွားလာသော အတိုးငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဦးမင်းကိုနိုင်က ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပြောင်ကျကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁၄ ဦးကို ငွေကျပ် ၄၀ ဒသမ ၁၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၂ ဒသမ ၈၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၀ ဒသမ ၆၉ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၇ သန်းကို နေ့ချင်းပြီး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

နော်လူး

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)တွင် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၇**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ရှေးဦးပြုစုခြင်းအခြေခံသင်တန်းကို မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)တို့ ပူးပေါင်း၍ စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲကို စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းက အဆိုပါ တက္ကသိုလ်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ဒုတိယတပ်ဖွဲ့မှူးဦးအောင်သူဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်ဒေါက်တာကျော်တင့်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာကျော်တင့်တို့က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ဆေးအိတ်ပေးအပ်ရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ပါမောက္ခ၊ ဌာနမှူး ဒေါက်တာမျိုးနိုင်က လက်ခံရယူခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ဒုတိယတပ်ဖွဲ့မှူးဦးအောင်သူဝင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံရယူခဲ့သည်။

ထို့နောက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်တို့က သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(ဝ၄၅)

၀-၀-၀-၀-၀-၀-၀



## ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်

**ညောင်ဦး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့်အဘိတ်ဆေးခတ်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက သာယာဝတီရပ်ကွက်ရှိ နေအိမ်များနှင့် အခြေခံကျောင်းများတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်း၍ အဘိတ်ဆေးခတ်ခြင်း၊ အုတ်ကန်များရှိ ရေပမာဏ၊ အုတ်ကန်အလျား၊ အနံ အကျယ်အဝန်းကို တိုင်းတာ၍ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

မိုးရာသီတွင်ဖြစ်ပွားလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ၄က်များ ရောဂါကင်းဝေးစေရေးအတွက် ရပ်ကွက်နှင့် ကျောင်းများအတွင်းရှိ အုတ်ကန်များ၊ ရေလှောင်ကန်များ၊ ကားတာယာအဟောင်းများ၊ မော်တော်ဆိုင်ကယ် တာယာအဟောင်းများအတွင်းမှ ရေဆိုး၊ ရေညစ်များအား သွန်ပစ်ခြင်း၊ ခြင်များ ပေါက်ပွားမှုမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ) (၄၈၁)

တိုက်တာဆင့်ဆင့်၊ မိုးထိမြင့်လည်း၊ ပန်းနှင့်သစ်ပင်
မတွေ့မြင်က၊ ဝန်းကျင်ခြောက်ခန်း၊ စိတ်ပင်ပန်း၏။

## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း စက်တင်ဘာ ၇**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးရန်ကျော်၊ ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်း ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၅ သန်းအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး မြစိမ်းရောင် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ပြောသည်။

(ဓါတ်ပုံ)

အောင်ရဲကျော်



## Mandalay Convention Centre (MCC) နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ် (တ-၇/ခ)၊ ဦးပိုင်အမှတ်(၂)ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် Mandalay Convention Centre (MCC) အား ၁-၁၀-၂၀၂၅ရက်နေ့မှစ၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တိုက်ရိုက်စီမံခန့်ခွဲပြီး ငလျင်ကြောင့် ပျက်စီးမှုများကို ပြန်လည်ပြင်ဆင်လျက်ရှိပါသည်။ Mandalay Convention Centre (MCC)နှင့် ပတ်သက်၍ မည်သည့်အဖွဲ့အစည်း၊ ကုမ္ပဏီ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှ အငှားချထားခြင်း၊ လုပ်ပိုင်ခွင့်ပေးခြင်းများ မပြုထားပါကြောင်းနှင့် **Mandalay Convention Centre (MCC)နှင့်ပတ်သက်၍ ဆောင်ရွက်ရန် ကိစ္စရပ်များရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနသို့သာ** တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရန် အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ရတနာဂူစေတီတော်မြတ်ကြီးဘုရားပွဲတော်နှင့် ပုပ္ပားမယ်တော်ကြီးနတ်ပွဲ ပွဲတော်လာပရိသတ်များဖြင့် စည်ကား

**မန္တလေး စက်တင်ဘာ ၇**

မန္တလေး၊ အမရပူရမြို့နယ်၊ ငယ်တိုးကျေးရွာအုပ်စုရှိ သက္ကရာဇ် ၇၂၉ ခုနှစ် အင်းဝမင်းကြီးစွာစော်ကဲတည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းသမိုင်းဝင် ရတနာဂူစေတီတော်မြတ်ကြီးဘုရားပွဲတော်နှင့် ပုပ္ပားမယ်တော်ကြီးနတ်ပွဲအား စက်တင်ဘာ ၄ ရက် (ဝါခေါင်လပြည့်ကျော် ၇ ရက်) နံနက်ပိုင်းမှစတင်၍ ကျင်းပရာ ပွဲတော်လာ ပရိသတ်များစွာဖြင့် စည်ကားလျက်ရှိသည်။ ပွဲတော်ကြီးအား နှစ်စဉ်ဝါခေါင်လပြည့်ကျော် ၈ ရက်မှစတင်၍ ဝါခေါင်လကွယ်နေ့အထိ ကျင်းပသွားမည်ဖြစ်သော်လည်း ဝါခေါင်လပြည့်ကျော် ၇ ရက်မှစတင်၍ နတ်ညီလာခံများ၊ တက်ပွဲများ ကျင်းပလျက် လပြည့်ကျော် ၁၀ ရက်တွင် ချိုးရေတော်သုံးပွဲတော်၊ လကွယ်နေ့တွင် ထိန်ခုတ်ပွဲ၊ မယ်တော်၊ ပို့ပွဲများကျင်းပပြီး သံဃာတော်များအား စာရေးတံမဲနှင့် ဆွမ်းကြီးလောင်းလှူပွဲများ ပြုလုပ်၍ ပွဲတော်ကို ပိတ်သိမ်းကြသည်။



အဆိုပါ ပွဲတော်တွင် အစဉ်အလာအရ အထက်နန်း၊ အောက်နန်းဟု သုံးနှုန်းခေါ်ဝေါ်ကြပြီး သက်ဆိုင်ရာ နတ်နန်းများသို့သွားရောက်၍ နတ်ပန်းဆက်ခြင်းများ ပြုလုပ်ကြကာ ဝါခေါင်လပြည့်ကျော် ၁၀ ရက်တွင် ကျင်းပသော နတ်ရေချိုးပွဲ(ချိုးရေတော်သုံးပွဲ)သည် အလွန်စည်ကားဆုံးနေ့ဖြစ်လျက် ဒေသအခေါ်အဝေါ်အရ ဝါးဖောင်လှည့်နေ့ ဖြစ်သည်။

ပွဲတော်တွင် မြန်မာ့ရိုးရာ အစားအစာမုန့်များဖြစ်သော မုန့်ခေါင်းအုံး၊ ကရေကရာ၊ ဆင်နွှားရွက်မုန့်၊ ချွေတာရေးမုန့်၊ မလိုင်ကရေကရာ၊ ဒူးရင်းကရေကရာ၊ မုန့်သိုင်းခြုံ၊ စလူမုန့်များနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချကြသော ဒေသထွက်ကုန်ပစ္စည်းများ၊ အရောင်းဆိုင်များ၊ ပရဆေးဆိုင်၊ ရိုးရာအဝတ်အထည်ဆိုင်များ ဖွင့်လှစ်၍ ဘုရားပွဲလာသူများ၊ နတ်ပွဲလာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၀)

## စစ်ကိုင်းမြို့တွင် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**စစ်ကိုင်း စက်တင်ဘာ ၇**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းခရိုင်၊ ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ညွန့် ဦးဆောင်ကြီးကြပ်မှုဖြင့် ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မှူခင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုဝင်များ စုပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်ရှိ သယာနော ရွှေသာလျောင်းဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ညွန့်နှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင် စုစုပေါင်း ၁၀၂ ဦးတို့မှ သယာနော ရွှေသာလျောင်းဘုရားဝင်းအတွင်း ရေသပ္ပါယ်ခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ အမှိုက်များ စနစ်တကျ စွန့်ပစ်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

နေလင်းအောင်(ပြန်/ဆက်)



**ရေနုတ်မြောင်းအတွင်း**
**စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ခြင်းဖြင့်**
**သင်၏ ဂုဏ်ကို မြှင့်တင်ပါ။**

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အဆင်သင့်ဖြစ်မှုမြှင့်တင်ရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်း ကျင်းပ

**မန္တလေး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အဆင်သင့်ဖြစ်မှုမြှင့်တင်ရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါ မြို့နယ်ရှိ အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း၊ အောင်တံခွန်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ကြီးတံခွန်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးမှ အဖွင့်အမှာ စကားပြောကြားပြီး UNICEF မှတာဝန်ရှိသူ ဒေါ်မြသူဇာမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ရာ မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာနိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ အဆိုပါ သင်တန်းကို အခြေခံပညာဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်မျိုးဝင်းနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ သင်တန်းနည်းပြများအဖြစ် အခြေခံပညာဦးစီးဌာန(ရုံးချုပ်)မှ ဦးစီးအရာရှိ ဦးထွေးနိုင်ဦး၊ မြို့နယ်ဦးစီးမှူးဦးကျော်ကျော်ဦး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင် ဒေါ်ခင်ထွေးဦး၊ ပြည်ကြီးတံခွန်မြို့နယ် အထကခွဲ(လ)၂၀ ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ဒေါ်မိုးသီတာနှင့် အလက(၂၆)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသူဇာတို့က သင်တန်းပို့ချကြသည်။

အဆိုပါ သင်တန်းကို ပြည်ကြီးတံခွန်မြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့မှ သင်တန်းသူများအဖြစ် ကျောင်းအုပ်ဆရာမကြီးများနှင့်ဆရာ၊ ဆရာမများ ၈၀ ဦး သင်ကြားကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၅ ရက်မှ ၇ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄နာရီခွဲအထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**အောင်ဖြိုးစင်(ခရိုင်၊ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀



# မြန်မာနိုင်ငံ စာတတ်မြောက်မှု သမိုင်းမှတ်တမ်း

မောင်ကျော်ကျော်(ကွင်းကောက်)

**နိဒါန်း**

မြန်မာနိုင်ငံ၏ အမျိုးသားပညာရေးစနစ်တွင် ဘုန်းတော်ကြီးသင်ပညာရေးနှင့် ပြည်သူလူထု၏ ပူးပေါင်းမှုသည် စာတတ်မြောက်မှုအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း နိုင်ငံတော်အဆင့် စာတတ်မြောက်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။

* ၁၉၄၈ ခုနှစ်-အရွယ်ရောက်သူများ စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၉၊ 'လူထုပညာသင်ကြားရေးကောင်စီ အက်ဥပဒေ (Mass Education Council Act) ကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၄၈-၁၉၅၈ ခုနှစ်အတွင်း သက်ကြီးစာတတ်မြောက်ရေး အစီအစဉ်များ ဆောင်ရွက်ခဲ့သည်။

* ၁၉၆၄ ခုနှစ်-မိတ္ထီလာမြို့နယ်၊ အရှေ့စံပြကျေးရွာတွင် ကန်ဘဲ့ ဆရာအတတ်သင်ကျောင်းမှ သင်တန်းသား လေးဦးက တစ်လကြာ စာတတ်မြောက်ရေးသင်တန်းကို စတင်ခဲ့ရာမှ အမျိုးသားအဆင့် စာတတ်မြောက်ရေးလှုပ်ရှားမှု ပိုမိုကျယ်ပြန့်လာခဲ့သည်။

* ထိုကာလတွင် စာဖတ်ခြင်း၊ စာရေးခြင်း၊ အခြေခံတွက်ချက်ခြင်းကို အဓိကထားသင်ကြားခဲ့သည်။ အသက် ၁၆ နှစ်နှင့်အထက် စာမတတ်သူများကို ရည်ရွယ်ပြီး ၁၉၆၄-၁၉၆၈ ခုနှစ်အတွင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။

* ၁၉၆၉ ခုနှစ်-မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်းနှင့် မလှိုင်မြို့နယ်များတွင် ပြည်သူလူထုပါဝင်သည့် စာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုနှစ် စက်တင်ဘာ ၈ ရက်တွင် မလှိုင်မြို့နယ်၌ ပထမဆုံး အပြည်ပြည်ဆိုင်ရာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို ကျင်းပခဲ့သည်။

* ၁၉၇၁ ခုနှစ်-မိတ္ထီလာခရိုင်ကို စာတတ်မြောက် ပြီးမြောက်သော ခရိုင်အဖြစ် ကြေညာနိုင်ခဲ့သည်။

* ၁၉၆၄-၁၉၈၈ ခုနှစ် ၂၄ နှစ်တာကာလအတွင်း မြို့နယ် ၂၉၇ မြို့နယ်တွင် စာသင်ပေးသူ စုစုပေါင်း ၄၉၀,၃၉၈ ဦး ပါဝင်ခဲ့ပြီး လူဦးရေ ၂,၄၁၀,၉၇၉ ဦးကို စာတတ်မြောက်အောင် သင်ကြားပေးနိုင်ခဲ့သည်ဟု မှတ်တမ်းများတွင် ဖော်ပြထားသည်။

**မြန်မာနိုင်ငံက ရရှိခဲ့သော နိုင်ငံတကာစာတတ်မြောက်ရေးဆုများ**

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေး လှုပ်ရှားမှု အောင်မြင်မှုကို ကုလသမဂ္ဂပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့၊ ယူနက်စကို (United Nations Educational, Scientific and Cultural Organization) (UNESCO)က အသိအမှတ်ပြုပြီး ဆု နှစ်မျိုး ချီးမြှင့်ခဲ့ကြောင်း ပညာရေးမှတ်တမ်း များတွင် ဖော်ပြထားသည်။

၁၉၇၁ ခုနှစ် UNESCO ၏ အပြည်ပြည်ဆိုင်ရာ စာတတ်မြောက်ရေးနေ့ အခမ်းအနားတွင် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးဆိုင်ရာ ဗဟိုကြီးကြပ်ရေးနှင့် ညှိနှိုင်းရေးကော်မတီ (Central Literacy Supervisory and Coordinating Committee) သို့ မိုဟာမက် ရေဇာ ပါဟ်လာဗီ စာတတ်မြောက်ရေးဆု (Mohammad Reza Pahlavi Prize) ကို ချီးမြှင့်ခဲ့သည်။

ထို့နောက် ၁၉၈၃ ခုနှစ်တွင် နိုမာ စာတတ်မြောက်ရေးဆု (Noma Prize/ Noma Literacy Prize) ကို မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလုပ်ငန်း အောင်မြင်မှုအတွက် ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးသမိုင်းတွင် ပြည်သူလူထု၊ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းသားများ ပူးပေါင်းပါဝင်ခဲ့သော လူထုလှုပ်ရှားမှုကြီးတစ်ရပ်အဖြစ် ထင်ရှားပြီး နိုင်ငံတကာ စာတတ်မြောက်ရေးဆု နှစ်ဆု ရခဲ့ခြင်းသည် ဂုဏ်ယူဖွယ်ဖြစ်သည့် စာတတ်မြောက်မှု ကြိုးပမ်းဆောင်ရွက်ခဲ့သော သမိုင်းမှတ်တိုင်များ ဖြစ်ပါသည်။

**မှတ်ချက်။**

ယနေ့ UNESCO International Literacy Prizes စနစ်တွင် UNESCO King Sejong Literacy Prize နှင့် UNESCO Confucius Prize for Literacy ဟူ၍ အဓိကဆု နှစ်မျိုးရှိပြီး တစ်မျိုးလျှင် ဆု သုံးဆုစီ ချီးမြှင့်လျက် ရှိပါသည်။

**မြန်မာနိုင်ငံတွင် 'စာတတ်မြောက်သူ'ဟု သတ်မှတ်တိုင်းတာသည့် အခြေခံစံနှုန်း**

သမိုင်းကာလအလိုက် 'အခြေခံစာတတ်မြောက်ရေး'၊ 'စာတတ်မြောက်မှုနှုန်း'နှင့် 'လုပ်ငန်းခွင်၊ လက်တွေ့စာတတ်မြောက်မှုတို့၏ အဓိပ္ပာယ်နှင့် တိုင်းတာနည်းများ' အနည်းငယ် ကွဲပြားပါသည်။

**၁။ မြန်မာနိုင်ငံ၏ အခြေခံစာတတ်မြောက်ရေး စံနှုန်း**

(က) မြန်မာနိုင်ငံ၏ အစောပိုင်း အမျိုးသားစာတတ်မြောက်ရေးလုပ်ငန်းများတွင် 'အ သုံးလုံး' စာဖတ်တတ်ခြင်း (အဖတ်)၊ စာရေးတတ်ခြင်း(အရေး)၊ အခြေခံတွက်ချက်တတ်ခြင်း(အတွက်)ကို အခြေခံထားသည်။

(ခ) အထူးသဖြင့် ၁၉၆၄ ခုနှစ်မှစတင်ခဲ့သော လူထုစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် 'အ သုံးလုံး'ကို အခြေခံသင်ယူမှုအဖြစ် သတ်မှတ်ခဲ့ပါသည်။

(ဂ) UNESCO ၏ မြန်မာနိုင်ငံဆိုင်ရာ ပညာရေးအကဲဖြတ်မှတ်တမ်းတစ်ခုတွင် အခြေခံစာတတ်မြောက်ရေး၏ ရည်ရွယ်ချက်မှာ စာဖတ်ခြင်း၊ စာရေးခြင်းနှင့် အခြေခံဂဏန်းတွက်ချက်ခြင်းကို လုံလောက်စွာ ကျွမ်းကျင်စေရန်ဖြစ်ပြီး မြန်မာနိုင်ငံ၌ သတ်မှတ်ထားသည့် အခြေခံစာတတ်မြောက်မှုကို စာတတ်မြောက်ရေး သင်ခန်းစာများ ပြီးဆုံးခြင်း၊ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း အောင်မြင်ခြင်းနှင့် ဆက်စပ်သတ်မှတ်ခဲ့ကြောင်း ဖော်ပြထားပါသည်။

**၂။ 'စာတတ်မြောက်သူ'ကို မည်သို့သတ်မှတ်သနည်း**

(က) ၂၀၁၂ ခုနှစ်တွင် ယူနက်စကို တစ်သက်တာ သင်ယူမှုဆိုင်ရာဌာနသို့ မြန်မာနိုင်ငံက တင်ပြထားသော နိုင်ငံအဆင့် အစီရင်ခံစာတွင် မြန်မာဘာသာ(သို့မဟုတ်)တိုင်းရင်းသားဘာသာစကားဖြင့် စာဖတ်၊ စာရေးနှင့် ဂဏန်းတွက်ချက်နိုင်သူကို စာတတ်မြောက်သူဟု သတ်မှတ်သည်ဟု ဖော်ပြထားပါသည်။

(ခ) မြန်မာနိုင်ငံ၏ အခြေခံ စာတတ်မြောက်မှု စံနှုန်းဖြစ်သော စာဖတ်၊ စာရေး၊ အခြေခံ တွက်ချက်မှု တတ်မြောက်ခြင်းနှင့်ဆက်စပ်ပြီး စာတတ်မြောက်သူဟု နားလည်နိုင်ပါသည်။

**၃။ တာဝန်ယူ တာဝန်ခံသည့် အဖွဲ့အစည်း**

သမိုင်းမှတ်တမ်းအရ မြန်မာနိုင်ငံ စာတတ်မြောက်ရေး လူထုလှုပ်ရှားမှုကို နိုင်ငံတော်၏ ပညာရေး အာဏာပိုင်အဖွဲ့အစည်းများနှင့် စာတတ်မြောက်ရေးအတွက် ဖွဲ့စည်းထားသော ဗဟိုအဖွဲ့များက ဦးဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

အထူးသဖြင့် စာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ စာတတ်မြောက်ရေးကြီးကြပ်ကွပ်ကဲမှုနှင့် ညှိနှိုင်းရေးကော်မတီ (Central Literacy Supervisory and Coordinating Committee of the Union of Myanmar )ကို ဖွဲ့စည်း၍ နိုင်ငံတစ်ဝန်း စာတတ်မြောက်ရေးလုပ်ငန်းများကို ကြီးကြပ်ညှိနှိုင်းအကောင်အထည်ဖော်ခဲ့ကြောင်း မှတ်တမ်းများတွင် ဖော်ပြထားပါသည်။

ယနေ့ခေတ် အခြေခံပညာကဏ္ဍတွင် ပညာရေးဝန်ကြီးဌာနသည် အမျိုးသားအဆင့် သင်ရိုးညွှန်းတမ်း၊ အကဲဖြတ်ခြင်းနှင့် ပညာရေးစံနှုန်းများကို တာဝန်ယူဆောင်ရွက်သည့် အဓိကအဖွဲ့အစည်းဖြစ်ပါသည်။ အမျိုးသားအကဲဖြတ်မူဝါဒနှင့် အကဲဖြတ်လုပ်ငန်းလမ်းညွှန်ကို ပညာရေးဝန်ကြီးဌာနက ဖော်ဆောင်ပါသည်။

**၄။ နိုင်ငံတကာတွင် အသုံးပြုသော စာတတ်မြောက်မှု အခြေခံ စံနှုန်း**

UNESCO ၏ စာတတ်မြောက်မှုဆိုင်ရာ အခြေခံ စာရင်းအင်းစံ တွင် 'နေ့စဉ်ဘဝနှင့် သက်ဆိုင်သော ရိုးရှင်းသည့် စာကြောင်းတိုတစ်ကြောင်းကို အဓိပ္ပာယ် နားလည်စွာ ဖတ်နိုင်၊ ရေးနိုင်ခြင်း'ကို စာတတ်မြောက်မှု၏ အခြေခံသတ်မှတ်ချက်အဖြစ် အသုံးပြုခဲ့ပါသည်။ ထို့အပြင် စာတတ်မြောက်မှုကို တိုင်းတာရာတွင် စံပြုစာမေးပွဲ အသုံးပြုနိုင်ကြောင်းလည်း UNESCO က သတ်မှတ်ထားပါသည်။

သို့သော် ယနေ့ခေတ်တွင် UNESCO ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ပိုမိုကျယ်ပြန့်လာပြီး စာဖတ်၊ စာရေးသာမက အချက်အလက်ကို နားလည်၊ ဆက်သွယ်၊ ဖန်တီး၊ တွက်ချက်နိုင်မှုနှင့် လက်တွေ့ဘဝတွင် အသုံးချနိုင်မှုတို့ကိုပါ ထည့်သွင်းစဉ်းစားပါသည်။

**၅။ အဓိက ကွာခြားချက်**

'စာတတ်မြောက်နှုန်း ဘယ်လောက်ရှိသလဲ'ဆိုသည့် ရာခိုင်နှုန်းကို ကြည့်ခြင်းနှင့် 'တစ်ဦးချင်းသည် အမှန်တကယ် ဘယ်အဆင့်အထိ စာဖတ်၊ စာရေး၊ တွက်ချက်နိုင်သလဲ'ကို တိုင်းတာခြင်းသည် မတူပါ။

| အမျိုးအစား | အဓိက တိုင်းတာသည့် နယ်ပယ် |
|---|---|
| အခြေခံစာတတ်မြောက်မှု | စာဖတ် + စာရေး + အခြေခံတွက်ချက် |
| စာတတ်မြောက်မှု နှုန်း | သတ်မှတ် အသက်အုပ်စုတွင် စာဖတ်၊ စာရေးနိုင်သူ ရာခိုင်နှုန်း |
| လက်တွေ့အသုံးချနိုင်သော စာတတ်မြောက်မှု | နေ့စဉ်ဘဝ၊ လူမှု အသိုက်အဝန်းနှင့် အလုပ်တွင် စာဖတ်၊ စာရေး၊ တွက်ချက်မှုကို ထိရောက်စွာ အသုံးချနိုင်မှု |
| သင်ယူမှုဆိုင်ရာ အကဲဖြတ်ချက် | စာဖတ်၊ စာရေး၊ သင်္ချာစွမ်းရည်ကို စံပြုစစ်ဆေးခြင်း |

ဥပမာ မြန်မာနိုင်ငံ **Grade 5** ကျောင်းသားများ၏ စာဖတ်ခြင်း၊ စာရေးခြင်း၊ သင်္ချာနှင့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံသားဖြစ်ခြင်း (Reading, Writing, Mathematics နှင့် Global Citizenship) စွမ်းရည်ကို အရှေ့တောင်အာရှ ဒေသအဆင့် တိုင်းတာစစ်ဆေးပါသည်။ ၄င်းသည် သက်ကြီးစာတတ်မြောက်မှုနှုန်းကို တိုင်းတာဖော်ပြခြင်းနှင့် မတူပါ။

**အကြံပြုချက်**

အခြေအနေ အချိန်အခါ လိုအပ်ချက်၊ အမျိုးသားပညာရေးဥပဒေ၊ အမျိုးသားပညာရေးစနစ်အရ တတ်ကျွမ်းမှု အရည်အသွေးကို အဆင့်အလိုက် သတ်မှတ်ခြင်းက 'စာတတ်မြောက်မှုနှုန်း ဖော်ပြသည့် ကိန်းဂဏန်းထက် မည်သည့်အဆင့်အထိ တတ်မြောက်နေကြသနည်း ဆိုခြင်းအပေါ် ပိုမို၍ မြင်စေနိုင်ပါသည်။

| အဆင့် | အမျိုးအစား | အဓိက စွမ်းရည် |
|---|---|---|
| ၁ | အခြေခံစာတတ်မြောက်မှု | အက္ခရာ၊ စကားလုံး၊ ရိုးရှင်းသောဝါကျ၊ ဖတ်၊ ရေး |
| ၂ | အလုပ် လုပ်နိုင်သော စာတတ်မြောက်မှု | နေ့စဉ် ဘဝ၌ အသုံးများသော စာများ၊ ဆိုင်းဘုတ်၊ ညွှန်ကြားချက်ကို ဖတ်၍ နားလည်ခြင်း |
| ၃ | လက်တွေ့ အသုံးချနိုင်မှု | ပုံစံ အမျိုးမျိုးကို ဖြည့်ခြင်း၊ စာတိုရေးခြင်း၊ သတင်းအချက်အလက်ကို နှိုင်းယှဉ်လေ့လာခြင်း |
| ၄ | အချက်အလက်ဆိုင်ရာ စာတတ်မြောက်မှု | သတင်း မှား၊ မှန် ခွဲခြား၊ အချက်အလက်ကို စိစစ်အကဲဖြတ်နိုင်ခြင်း |
| ၅ | ဒီဂျစ်တယ် စာတတ်မြောက်မှု | ဖုန်း၊ ကွန်ပျူတာမှ အချက်အလက် ရှာဖွေ၊ ဖတ်ရှုမှု၊ ဖန်တီး၊ လုံခြုံစွာ အသုံးချနိုင်ခြင်း |

**နိဂုံး**

'စာဖတ်၊ စာရေး၊ အခြေခံတွက်ချက်' စသည့် စာတတ်မြောက်မှု အခြေခံ စံနှုန်းအရ မြန်မာနိုင်ငံအတွက် 'စာတတ်သူ ဘယ်နှုန်းရာခိုင်နှုန်း ရှိသလဲ' ဆိုသော မေးခွန်းအစား 'မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ဘာတွေကို ဘယ်အဆင့်အထိ ဘယ်လို စာတတ်မြောက်နေကြသလဲ' ဆိုသည့် အဓိပ္ပာယ်ကို ဖော်ဆောင်ပေးနိုင်ရန် ဆောင်ရွက်သင့်ပါသည်။ စာတတ်မြောက်မှု အဓိပ္ပာယ်၊ ဘဝအတွက် လိုအပ်သော ကျွမ်းကျင်မှုနယ်ပယ်၊ အဆင့်တိုင်းတွင် လုပ်ဆောင်နိုင်မည့် စွမ်းရည်၊ အကဲဖြတ်တိုင်းတာမည့် နည်းဗျူဟာ၊ အနိမ့်ဆုံးတတ်ကျွမ်းမှုအဆင့်၊ အသိအမှတ်ပြုမှုနည်းလမ်း၊ သဘာဝဖြစ်တည်မှု ကွာခြားမှုအလိုက် မှတ်တမ်းတင်သင့်သည့် နည်းဗျူဟာ၊ အခြေခံ စံနှုန်းအပေါ် ပြန်လည်သုံးသပ်မှု လျာထားကာလ စသည့် လုပ်ငန်းစဉ်များ ပါဝင်သော မြန်မာနိုင်ငံလုံးဆိုင်ရာ စာတတ်မြောက်ရေး မူဘောင်တစ်ခု လိုအပ်နေမည် ဖြစ်ပါသည်။

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲကျင်းပ

**တောင်တွင်းကြီး စက်တင်ဘာ ၇**

စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျောင်းသား၊ ကျောင်းသူလူငယ်များ လူကုန်ကူးမှုအန္တရာယ်အကြောင်း သိရှိနိုင်စေရန် ရည်ရွယ်၍ လူကုန်ကူးမှုအန္တရာယ် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပေလေးပင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က လူကုန်ကူးမှုအဓိပ္ပာယ်၊ လူကုန်ကူးမှုဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ လူကုန်ကူးမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် သတိပြုရမည့်အချက်များ၊ လူကုန်ကူးရာတွင် အသုံးပြုသည့် နည်းလမ်းများနှင့် ဖြစ်စဉ်များ၊ လူကုန်ကူးပါက ကျခံရမည့် ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေများအကြောင်း၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ရာတွင် တရားမဝင်သွားရောက်ခြင်း၏ ဆိုးကျိုးများ၊ တရားဝင်သွားရောက်ခြင်း၏ ကောင်းကျိုးများနှင့် ပတ်သက်၍ ဟောပြောခဲ့သည်။



အဆိုပါ အခမ်းအနားသို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း Grade(9,10,11) မှ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားအပြီးတွင် ကျောင်းသား၊ ကျောင်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**

## ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်

**မိုးညှင်း စက်တင်ဘာ ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ မိုးညှင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များမှ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန်နှင့် စွမ်းဆောင်ရည် မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို ဦးစီးဌာန ရုံးအစည်းအဝေးခန်းမတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ခရိုင်ဦးစီးမှူးက ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်းက သင်တန်းဖွင့်လှစ်နေမှုအား ကြည့်ရှုအားပေးပြီး သင်တန်းသားများနှင့်တွေ့ဆုံ၍ သင်တန်းမှ သင်ခန်းစာများအား မိမိတို့ လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာ အသုံးချနိုင်သည်အထိ ကြိုးစားသင်ယူစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ခရိုင်ကျေးလက်ဦးစီးဌာန တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ဌာနဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်း သင်ခန်းစာများအား သက်ဆိုင်ရာ ခေါင်းစဉ်နှင့် ပုံစံများအလိုက် စာတွေ့နှင့် လက်တွေ့ ပေါင်းစပ်သင်ကြားပေးလျက်ရှိပြီး သင်တန်းသို့ သင်တန်းသား ၁၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ပြောသည်။

**(အောက်ဝဲပုံ) ချစ်ဦးကို**



## နယ်လှည့်စာကြည့်တိုက်နှင့် အသိပညာပေးဟောပြော

**မိုင်းရယ် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး၍ ကျောင်းသားလူငယ်များအား နယ်လှည့်စာကြည့်တိုက်နှင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အ·မ·က(နားခို)ကျောင်း၌ ကျင်းပခဲ့သည်။

ထိုသို့ ဟောပြောရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ချစ်ချစ်ပိုင်က အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်း ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## လူတိုင်းအတွက် စာကြည့်တိုက်

* ကိုယ်ပိုင်စဉ်းစား တွေးခေါ်အား
ဖြစ်ပွားဖို့ရာ စာဖတ်ပါ
ဖတ်လာစာပေ သိဉာဏ်တွေ
ရှာဖွေပြု ဂုဏ်ရည်ထု
အားထုတ်ကြိုးစား တိုင်းပြည်အား ။

* စာကြည့်တိုက်မှာ မျိုးစုံစွာ
ထားကာစာအုပ် ရွေးကာထုတ်
ဖတ်မှတ်အသိ ဉာဏ်မှာရှိ
ကဝိရေးထား စာအုပ်များ
ဖတ်အားပိုမှ စွမ်းအားရ ။

* မြို့ရွာဒေသ လူများက
ဖတ်ကြ၊ မှတ်ကြ လေ့လာမှ
ပြည့်ဝကိုယ်စိတ် အလင်းဖိတ်
ထွတ်ထိပ်ပန်းတိုင် လှမ်း၍ကိုင်
တူပြိုင်ခရီး ရှုမငြီး ။

* စာအုပ်၊ စာပေ လူ့မိတ်ဆွေ
ရှာဖွေရရှိ စာပေသိ
ထိမိသေချာ သုံးချပါ
ရလာအကျိုး တို့လူမျိုး
ဖွံ့ဖြိုးမြို့ရွာ တိုးတက်မှာ ။

* လူတိုင်းအတွက် စာကြည့်တိုက်
ဖတ်မှတ်လေ့လာ ဆည်းပူးပါ
မြို့ရွာဒေသ ခေတ်မီလှ
မြို့က၊ ရွာက ခွဲခြားမရ
ဖြစ်ကြမြို့ရွာ တူတူပါ ။

**သောကြာကြယ်**



## (၂၁-၄-၂၀၂၆)ရက်စွဲပါ ဒေါ်ငွေးဦးနှင့် အများသိစေရန် ကြေညာခြင်းအပေါ် ဦးဝင်းညွန့်နှင့် ဒေါ်အေးအေးမြင့် သိစေရန် ပြန်လည်တုံ့ပြန် ရှင်းလင်းကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၄)၊ ဦးပိုင်အမှတ်(၇)၊ ၈၁လမ်း၊ လမ်း၂၀နှင့် ၂၁လမ်းကြားတွင် နေထိုင်သူ ဒေါ်ငွေးဦး(ဘ)ဦးထွန်းမြိုင်(၉/မနမ(နိုင်)၀၃၂၃၀၈)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဝင်းညွန့်(၉/မနမ(နိုင်)၀၃၂၃၁၃)နှင့် ဒေါ်အေးအေးမြင့်(၉/မနမ(နိုင်)၀၂၃၅၅၉)တို့အပါအဝင် အများသိစေရန် အောက်ပါအတိုင်း ပြန်လည်တုံ့ပြန် ရှင်းလင်းကြေညာအပ်ပါသည်။ ဦးဝင်းညွန့်နှင့် ဒေါ်အေးအေးမြင့်တို့၏ အများသိစေရန်ကြေညာချက်ပါ စကားရပ်များနှင့် အကြောင်းအရာအချက်အလက်များသည် မှန်ကန်မှုမရှိသလို ဥပဒေနှင့်ညီညွတ်မှုလည်း မရှိပါ။ ၎င်းတို့၏ တစ်ဖက်သတ် တင်ပြကြေညာချက် သက်သက်မျှသာဖြစ်ပါသည်။ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၄)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၀ ဒသမ ၀၅၆၄)ဧက အကျယ်အဝန်းရှိသော ဘိုးဘပိုင် အိမ်ဝိုင်းမြေကွက်သည် ဥပဒေနှင့်အညီ ပိုင်ရေးပိုင်ခွင့် ဆိုင်ရေးဆိုင်ခွင့်အရ ဒေါ်ငွေးဦး တစ်ဦးတည်းကသာ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရရှိခဲ့သော အိမ်ဝိုင်းမြေကွက်ဖြစ်ပါသည်။ ဦးလှဖေနှင့် ဒေါ်ငွေးဦးတို့သည် လွန်ခဲ့သော နှစ်ပေါင်းများစွာမှစ၍ ယခု ဒေါ်ငွေးဦး၏ သားသမီး၊ မြေး၊ မြစ်များ လက်ထက်တိုင်အောင် အနှောင့်အယှက် အဟန့်အတား ကင်းရှင်းစွာဖြင့် လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်လျက်ရှိသော အိမ်ဝိုင်းမြေကွက်ဖြစ်ပါသည်။ ဦးဝင်းညွန့်၊ ဒေါ်အေးအေးမြင့်တို့အနေဖြင့် ဦးအုန်းဖေနှင့် ဒေါ်ငွေစိန်(ဒုတိယအိမ်ထောင်ဖက်)တို့နှင့် သက်ဆိုင်သော အမွေပုံပစ္စည်းများကို လူကြီးမင်းတို့မောင်နှမ(၅)ဦးစလုံး အညီအမျှ အမွေခွဲဝေရရှိ ခံစားခဲ့ပြီးဖြစ်ပါလျက်နှင့် မမှန်မကန် တောင်းဆိုနေခြင်းဖြစ်ပါသည်။ ယခုလက်ရှိ ဒေါ်ငွေးဦး နေထိုင်လျက်ရှိသော ဘိုးဘပိုင် အိမ်ဝိုင်းမြေကွက်သည် ဦးဝင်းညွန့်၊ ဒေါ်အေးအေးမြင့်တို့နှင့် ပတ်သက်စပ်ဆိုင်ခြင်း၊ ပူးတွဲပိုင်ဆိုင်ခြင်းမျိုး(လုံး၀)မရှိသည့် အပြင်၊ အမွေဆက်ခံခွင့်လည်း (လုံး၀)မရှိပါ။ ကန့်ကွက်ပိုင်ခွင့်လည်းမရှိပါ။ ဒေါ်ငွေးဦး အနေဖြင့် ဦးဝင်းညွန့်နှင့် ဒေါ်အေးအေးမြင့်တို့အား မည်သည့်အမွေပုံပစ္စည်းကိုမျှ ခွဲဝေပေးရန် အကြောင်းမရှိပါ။ စေတနာကြေး၊ မေတ္တာကြေးကိုသာ ပေးလိုသော ဆန္ဒရှိပါသည်။ အကယ်၍ လူကြီးမင်းတို့အနေဖြင့် ဒေါ်ငွေးဦးနှင့်သားသမီး၊ မြေး၊ မြစ်များ လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်လျက်ရှိသော ဘိုးဘပိုင်အိမ်ဝိုင်းမြေကွက်နှင့်ပတ်သက်၍ တရားတထုံးစွဲဆိုမည်ဆိုပါကလည်း ဒေါ်ငွေးဦးအနေဖြင့် မည်သည့်အမှုမျိုးကိုမဆို ဥပဒေနှင့်အညီ ခုခံချေပရင်ဆိုင်သွားရန် အသင့်ရှိနေပါကြောင်းကိုလည်း ထပ်ဆင့်သတိပေး တုံ့ပြန်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်ငွေးဦး(ဘ)ဦးထွန်းမြိုင်**
**(၉/မနမ(နိုင်)၀၃၂၃၀၈)**
**၈၁လမ်း၊ လမ်း၂၀နှင့် ၂၁လမ်းကြား**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကိုကိုမောင်(LL.B,D.B.L,D.L;101(I,P) Law Switzerland)**
**ဒေါ်ဆွေဆွေအောင်(LL.B)၊ဒေါ်ဆွေနွယ်ထွန်း(LL.B)၊**
**ဒေါ်စင်မာဦး(LL.B)**
**(တရားလွှတ်တော်ရှေ့နေများ)**
**ဦးရဲရင့်ဘုန်းကျော်(LL.B)၊ဦးသုတဇော်(LL.B)**
**(အလုပ်သင်ရှေ့နေများ)**
**အကွက်(၈၃၅)၊ ရွှေဘုန်းရှိန်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၂၆၃၄၄၊ ၀၉-၇၈၂၀၂၆၃၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၉၀၀)၊ မြေကွက်အမှတ်(၁၀)၊ မြေဧရိယာ(၀ ဒသမ ၆၄၃၀)ဧက အကျယ်အဝန်းရှိ ဦးသန်းမြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦများ၊ လျှပ်စစ်မီးမီတာ၊ ရေမီတာ၊ ဝင်းခြံအကာအရံ စသည့်ပစ္စည်းအရပ်ရပ်အား ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းမြင့်ထံမှ အမွေဆက်ခံပိုင်ဆိုင်သည်ဟု ပြောဆိုဝန်ခံကတိပြုကြသည့် ဦးသန်းမြင့်၏ အမွေဆက်ခံသူ သား၊သမီးများဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုဝန်ခံကတိပြုကြသော ဒေါ်ဝင်းကြည်(ပါ-၈)ဦးတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဂရန်မြေကွက်နှင့်ပစ္စည်းအရပ်ရပ်အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောသက်သေခံဖြစ်သည့် မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရဲရင့်ဝေ (LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၅၂/၂)၊ ၅၅လမ်းနှင့် ၂၉(အေ)လမ်း(အာယုသုခလမ်း)ထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၆၀၀၃၃၁၉၉၊ ၀၉-၇၇၇၇၈၈၂၀၂၊ ၀၉-၆၈၉၆၈၉၀၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၁၀၁)၊ ဦးပိုင်အမှတ်(၉-၈+ ၁၀-၈)၊ ဧရိယာ(၀ ဒသမ ၀၄၁၃+ ၀ ဒသမ ၀၃၆၇)ဧကရှိ ဘိုးဘပိုင်မြေကွက်များအတွင်းမှ မြောက်ဘက်ခြမ်း (၂၃×၅၀)ပေ အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ထားပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန္တာလင်း(ဘ)ဦးအောင်တင့်(၉/အမရ(နိုင်)၁၃၄၅၇၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေတချို့ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားများနှင့် ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သဉ္ဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဈေးချိုရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၀၁၃၂၃၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် အောက်တွင်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | PPRD/MDY/CON /CAP/ T /3(2026-2027) | ဒုတိယစစ်ဆေးရေးအရာရှိချုပ်(အထက်မြန်မာပြည်) ရုံးဝင်း၊ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေး အရာရှိရုံးဝင်း၊ ချော်ဆိပ်ဒေသ္ရရိပ်သာနှင့် ချော်ဆိပ် အိမ်ရာဝင်းအတွင်း အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း အလျား(၁၉၀၅' × အမြင့် ၆') | |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာ ရောင်းချမည့် ရက်/အချိန် -၇-၉-၂၀၂၆(တနင်္လာနေ့) မှ ၂၁-၉-၂၀၂၆(တနင်္လာနေ့)ထိ ၀၉:၃၀ နာရီ မှ ၁၆:၀၀ နာရီထိ

(ခ) တင်ဒါလျှောက်လွှာတင်သွင်း ရမည့် နောက်ဆုံးရက်/အချိန် -၂၁-၉-၂၀၂၆(တနင်္လာနေ့) ၁၆:၀၀ နာရီ (သတ်မှတ်ချိန်အတွင်း လူကိုယ်တိုင်လာရောက် တင်သွင်းရမည်ဖြစ်ပြီး သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းသော လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။)

(ဂ) တင်ဒါတင်သွင်းရမည့်နေရာ -ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ မန္တလေးမြို့

(ဂ) တင်ဒါဖွင့်ဖောက်ကြေညာ မည့် ရက်/နေရာ -ဆက်သွယ်အကြောင်းကြားပါမည်။

၃။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို မန္တလေးတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးတွင် လူကိုယ်တိုင်လာရောက်ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရုံးဖုန်း ၀၂-၄၀၃၉၂၀၉၊ ၀၉-၂၀၃၈၈၅၈၊ ၀၉-၄၄၈၀၄၀၂၆၆**
**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊**
**တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁၀)၊ ဦးပိုင်နံပါတ်(၆၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးတင့်လွင် အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန့်ဇင်ဝင်း(ဘ)ဦးသိန်းထွန်း(၉/ခအဇ(နိုင်)၀၃၅၁၄၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၁၃)၊ ဦးပိုင်နံပါတ်(၆၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်ငွေသင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတင်ဝင်း(ဘ)ဦးညွန့်သောင်း(၉/မနတ(နိုင်)၀၇၆၉၄၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာစန့် (LL.B) အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ကြော်ငြာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(မ-၁၀)၊ ဦးပိုင်အမှတ်(၄၁+၄၂)၊ မြေကွက်ပေါ်တွင် ဒေါ်ဖူလင်လင်(ခ)စုလှမိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကလတ(နိုင်)၀၀၀၁၅၀)က S.S (၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ (ဘက-၆) ပေါ်တော်မူ မူလွန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (Grade-6) မှ **မဆုလာဒ်ကျော်လွင်**၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးကျော်ကျော်လွင်** ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်လွင်**
**(၁၂/အလန(နိုင်)၀၄၀၅၆၈)**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၇

"Clean Air for Climate Action" "ရာသီဥတုကောင်းမွန်ဖို့ သန့်ရှင်းသောလေဖန်တီးစို့" ဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးချုပ်၌ ကျင်းပသည်။



### အလေးထားဆောင်ရွက်

အခမ်းအနားတွင် သန့်ရှင်းသောလေထုအတွက် ကြိုးပမ်းဆောင်ရွက်မှုသည် ပြည်သူ့ကျန်းမာရေးကို ကာကွယ်ပေးခြင်း၊ ကုန်ထုတ်စွမ်းအား တိုးတက်စေခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဆိုးရွားမှုများကို လျှော့ချပေးနိုင်ခြင်းတို့အတွက် အကျိုးရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း၍ Fire Hotspot လျှော့ချရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် လေထုအရည်အသွေး ပိုမိုကောင်းမွန်လာစေရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံး ပတ်ဝန်းကျင်လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာပြီး အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ပြောကြားပြီး အခမ်းအနားတွင် ပြသထားသောပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့ပြင် ကျောက်မျက်ရတနာသင်တန်း အမှတ်စဉ် (၆) သင်တန်းဖွင့်ပွဲသို့တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက ကျောက်မျက်ရတနာသင်တန်းကျောင်းကို ၂၀၁၇ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အမှတ်စဉ် (၁)မှ(၅)အထိ သင်တန်းသား ၄၅၉ ဦးအား စာတွေ့/ လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ အမှတ်စဉ်(၆)သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ကျောက်မျက်ရတနာထုတ်လုပ်မှု လုပ်ငန်းခွင်များတွင် လက်တွေ့အသုံးချနိုင်ရန်နှင့် မြန်မာ့ကျောက်မျက်ရတနာအချောထည်နှင့်လက်ဝတ်ရတနာများကိုနိုင်ငံတကာဈေးကွက်အထိထိုးဖောက်ဝင်ရောက်နိုင်အောင် ကြိုးစားဆောင်ရွက်သွားရန် ပြောကြားပြီး သင်တန်းသားများအား စာတွေ့၊ လက်တွေ့သင်ကြားပေးမည့် သင်ကြားရေးအထောက်အကူပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## သုဝဏ္ဏသျှံတောင်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၆၁၀၀၈ ဧကရှိသောနယ်မြေကို "သုဝဏ္ဏသျှံတောင် ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်) မှစ၍ သတ်မှတ်လိုက်သည်။

စာမျက်နှာ ၉ သို့ ☆

## မြောင်းတကာစက်မှုဇုန်တွင် ဓာတ်အားခိုးယူသုံးစွဲနေသည့် SKY MAN သံရည်ကျိုလုပ်ငန်းကို စစ်ဆေးဖော်ထုတ်ပြီး နိုင်ငံတော်အနေဖြင့် နစ်နာခဲ့သည့် ငွေကျပ် ၁၇ ဒသမ ၁၈၄ ဘီလီယံအား ပြန်လည်ပေးသွင်းစေရန် အရေးယူဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၇

လျှပ်စစ်ဓာတ်အား သုံးစွဲသူပြည်သူများအနေဖြင့် မသမာသောနည်းလမ်းများကိုအသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိရပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့်

စာမျက်နှာ ၉ သို့ ✪



မြောင်းတကာစက်မှုဇုန်တွင် ဓာတ်အားခိုးယူသုံးစွဲနေသည့် SKY MAN သံရည်ကျိုလုပ်ငန်းကို စစ်ဆေးနေသည့် မှတ်တမ်းဓာတ်ပုံ။

## ယခုနှစ်ရာသီ ပထမဦးဆုံး နိုင်ပွဲရရှိခဲ့ပြီဖြစ်သည့် စစ်ကိုင်းယူနိုက်တက်

**ရန်ကုန် စက်တင်ဘာ ၇**

Grand Royal M League 2026-2027 အမှတ်ပေးဘောလုံးပြိုင်ပွဲ (Week-2)နောက်ဆုံးပွဲစဉ်ဖြစ်သည့် အား/ကာသိပ္ပံအသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ပွဲစဉ်ကို ယနေ့ညနေက Sun-set Field (Star City Sports Club)၌ ကျင်းပခဲ့ပြီး စစ်ကိုင်းယူနိုက်တက်အသင်းက လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စစ်ကိုင်းယူနိုက်တက်အသင်းအတွက် တိုက်စစ်မှူး ရာဇာအောင်က ပွဲအစ ၁၃ မိနစ်၊ ၄၉ မိနစ်တွင်နှစ်ဂိုး၊ ကောင်းမြတ်သူက ၁၇ မိနစ်တွင် တစ်ဂိုးနှင့် ထူးဝေယံက ၅၅ မိနစ်တွင် တစ်ဂိုးသွင်းယူပေးခဲ့ကြသည်။

စစ်ကိုင်းယူနိုက်တက်အသင်းသည် ယနေ့ပွဲတွင် ပွဲချိန်အစောပိုင်းကတည်းက သွင်းဂိုးရရှိခဲ့သည့်နည်းတူ ပွဲအား ထိန်းချုပ်ကစားသွားနိုင်ခဲ့သည်ကို တွေ့ရသည်။ အား/ကာသိပ္ပံအသင်းသည် ယနေ့ပွဲတွင် အဓိကကစားသမားအများစု ပုံမှန်ခြေစွမ်းအောက်ကျရောက်နေခဲ့ပြီး အသင်းနှင့်ချိတ်ဆက်မှုအပိုင်းတွင် လိုအပ်ချက်များ ရှိနေခဲ့သည်ကို တွေ့ရသည်။

ထို့အတူ ဒုတိယပိုင်းတွင် အသင်းခေါင်းဆောင် ခိုင်ရဲဝင်းနှင့် ဝါရင့်တောင်ပံတိုက်စစ်မှူး နိုင်နိုင်ကျော်တို့ကို ထည့်သွင်းပြီး ပွဲအားပြန်လည်ထိန်းချုပ် ကစားနိုင်ရန်ကြိုးပမ်းခဲ့သည်။ သို့သော် ဒုတိယပိုင်းတွင် ကောင်းမြတ်ငြိမ်းနှင့် မာတီးနီတို့ သွင်းဂိုးနှစ်ဂိုး ပြန်လည်ရယူပေးခဲ့သော်လည်း ချေပဂိုးနှင့် အနိုင်ဂိုးများ ထပ်မံသွင်းယူနိုင်ခြင်းမရှိဘဲ နှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

စစ်ကိုင်းယူနိုက်တက်အသင်းသည် Grand Royal M League 2026-2027 အမှတ်ပေးဘောလုံးပြိုင်ပွဲ (Week-2) အပြီး တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်(၃) မှတ်ဖြင့် အဆင့်(၅)နေရာ ရပ်တည်လျက်ရှိသည်။ **(NGB)**



## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၇**

အားကစားရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၉ ရက် မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**သတင်းစဉ်**